www.burmeseclassic.com

ပရဆန်းကြယ်ချောက်ချားဖွယ်ဝတ္ထု

သစ်ငုတ်စိုးတဲ့

# မိုးသုည

လိပ်ပြာမှားတဲ့မှာယာည



ပန်းချီ သိန်းဆွေကြည် 2010

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၃၉၀၀၄၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၅၂၄၀၅၁၀
၂၀၁၀ ခုနှစ်၊ ဇွန်လ - ပထမအကြိမ်
အုပ်ရေ (၅၀၀)၊ တန်ဖိုး (၁၀၀၀/-) ကျပ်

◈ ထုတ်ဝေသူ
ဦးသစ်လွင်၊ ဂန္ဓဝေါ်မြိုင်စာပေ၊ (မြဲ-၀၉၄၈)၊ အမှတ် ၁၁၃၊
ရွှေပြည်သာလမ်း၊ ၆-ရပ်ကွက်၊ သာကေတမြို့နယ်။

◈ မျက်နှာဖုံးပုံနှိပ်
ဦးကျော်စိန် (၀၂၉၀၉)၊ ကောကသိမ်းပုံနှိပ်တိုက်
အမှတ် (၁၅၁)၊ ၃၃-လ[illegible]ကျောက်တံတားမြို့နယ်

◈ အတွင်းပုံနှိပ်
ဦးမြင့်ဝေ (၀၃၄၁၆)၊ ငါ့သားပုံနှိပ်တိုက်
အမှတ်(၁၈၂)၊ (၃၁)လမ်း (အထက်)၊ ပန်းဘဲတန်းမြို့နယ်။

◈ ပြည်လုံးကျွတ်ဖြန့်ချိရေး
◈ ရဲရင့်အောင်စာပေ
အမှတ်(၄၉)၊ မုန်ရဝေလမ်း၊ ဆရာစံမြောက်အရှေ့
ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

၈၉၅ • ၈၃

သစ်ငုတ်စိုးတဲ့ဖိုးသုည
လိပ်ပြာမှားတဲ့ မာယာည/သစ်ငုတ်စိုးတဲ့ဖိုးသုည၊ ရန်ကုန်၊
ဂန္ဓဝေါ်မြိုင်စာပေ ၊ ၂၀၁၀ ။
၁၂၈ - စာ ၊ ၁၃၀ X ၂၀၇ စင်တီ။
(၁) လိပ်ပြာမှားတဲ့ မာယာည

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)
## မိတ္တာစံအိမ်

လေပြင်းတို့က တဟူးဟူးတိုက်နေ၏။ တောင်စဉ်တောင်တန်းတို့ ကို ဖြတ်တိုက်လာသည့် လေပြင်းတို့ဖြစ်တာကြောင့်လွန်းစွာမှ အေးမြ လှလေသည်။

တောင်တို့ကို ကွေ့ကာပတ်ကာ စီးဆင်းနေသည့်သံလွင်မြစ်က သည်း အေးမြလှသည့် လေပြင်းတို့၏ ရိုက်ခတ်မှုကြောင့် လှိုင်းတို့မှာ အနည်းငယ်ထနေ၏။

မြစ်ကမ်းနဖူးတွင် ရှေးဟောင်းရဲတိုက်ကြီးသဖွယ် လွန်စွာခန့်ညား လှသည်။ အုတ်တိုက်အနီကြီးမှာ ပတ်ဝန်းကျင်တို့၏ အလှအပတွေနှင့် အပြိုင်နေချင်စဖွယ် ဖြစ်လို့နေလေသည်။

"သက်ဇွန် နှင့်အဘိုး စိတ်ကူးက အရမ်းကောင်းတာပဲ"

"ဘာကိုလဲ သီသီ"

"ဒီတိုက်ကြီးရဲ့အနားက သဘာဝရှုခင်းတွေရယ် သံလွင်မြစ်ရယ်

www.burmeseclassic.com

www.burmeseclassic.com



မြက်ခင်းနေရာယ် အရမ်းလှတာပဲ"

"အဘိုးက စိုက်ပျိုးရေးပညာကို နိုင်ငံခြားမှာ နှစ်ပေါင်းများစွာသင်လာတာသိသိရဲ့ ဒီတိုက်ကြီးကိုလည်း သူ့စိတ်တိုင်းကျ အချိန်ယူဆောက်ထားတာ"

သက်ဖွန့်နှင့်သီသီက ခြံဝင်းထဲရှိ ကျောက်စားပွဲခုံမှာထိုင်ရင်း တိုက်ကြီး၏ လှပခန့်ညားထည်ဝါမှုကို ပြောဆိုနေကြသည်။

သူတို့နှစ်ယောက်က ဒီတိုက်ကြီးသို့ရောက်ကာ မကြာသေး နွေရာသီကျောင်းပိတ်ရက်မှာ အပန်းဖြေသဘောနှင့်ရောက်လာခြင်းလည်း ဖြစ်သည်။

တိုက်ကြီးကို တောင်ကုန်းအမြင့်တွင်ဆောက်ထားပြီး သဘာဝပတ်ဝန်းကျင်ရှုခင်းတို့ကိုခြံဝင်းထဲမှပင် စီး၍မြင်နိုင်၏။

မြို့လေး၏အပြင်ဘက်တွင်ရှိသော်လည်း အဝေးပြေးလမ်းမဘေးတွင်ရှိသောကြောင့် သွားရလာရတာ အဆင်ပြေလှသည်။

"သက်ဖွန့် နင့်အဖိုးဆုံးတာ ဒီတိုက်ကြီးမှာပဲလား"

"ဟုတ်တယ် _ အဘိုးက ဒီတိုက်ကြီးကို သံယောဇဉ်အရမ်းရှိတာ _ သေတော့လည်း ဒီတိုက်ကြီးမှာပဲ အဘိုးအလောင်းကိုလည်း ခြံအနောက်ဘက်မှာ မြှုပ်ထားတယ်"

"ဟင်"

သီသီလန့်သွားသည်။ သက်ဖွန့်ကတော့ ဘာမှထူးခြားဟန်မပြ။

"အဘိုးရဲ့ဆန္ဒလေ _ ပြီးတော့ အဘိုးက တယောထိုးအရမ်းကောင်းတယ်"

"နင့်အဘိုးဆုံးခါနီးတုန်းက နင်အနားမှာရှိလား"



www.burmeseclassic.com

www.burmeseclassic.com



"မရှိဘူး ... ငါဒက်ဒီရှိတဲ့ ညစ်ဘေးစာကို ရောက်နေတယ်၊ သူမွေးစားထားတဲ့ ကောင်မလေးပဲရှိတယ်"

"အဲဒီကောင်မလေးရော အခုဘယ်မှာရှိလဲ"

သက်ဖွန်က စဉ်းစားဟန်ဖြင့်

"အဘိုးသေပြီးတည်းက ဒီတိုက်ကြီးမှာမရှိတော့ဘူး၊ ဘယ်ရောက်သွားလဲမသိဘူး"

"ဒီတိုက်ကြီးမှာ အလုပ်လုပ်နေတဲ့သူတွေ မသိကြဘူးလား"

"မသိဘူး ... အဘိုးက သူမွေးစားထားတဲ့ကောင်မလေးကို သိပ်ချစ်တာ ..."

သီသီ သက်ဖွန်ပြောတာကို လွန်စွာ စိတ်ဝင်စားသွားသည်။

"အဲဒီကောင်မလေးက ဘယ်အရွယ်လောက်ရှိပြီလဲ"

"ခုဆို တို့လိုပဲ ဆယ့်ရှစ် ဆယ့်ကိုးလောက်ပဲရှိမှာပေါ့၊ အဖိုးဆုံးတုန်းက ကောင်မလေးအသက်က ဆယ့်လေးနှစ်လောက်ပဲရှိသေးတယ်"

"အဖိုးဆုံးတာ ခုဆို ငါးနှစ်ပြည့်တော့မယ်"

"ကောင်မလေး နာမည်က"

"ပန်းယမုံ"

ပန်းယမုံဆိုတဲ့နာမည်ကို သီသီ လွန်စွာစိတ်ဝင်စားသွားသည်။ သည်တိုက်ကြီးရဲ့ အရှင်သခင်၏မွေးစားထားတဲ့ ကောင်မလေး ပန်းယမုံ ထူးဆန်းစွာပျောက်ဆုံးသွားခြင်းအတွက် ဘယ်လိုကြောင့်လဲဆိုတာ သိချင်လွန်းလှ၏။

"တို့ ညနေမြို့ထဲ စက်ဘီးလျှောက်စီးကြမယ်လေ"

"မြို့က အကျယ်ကြီးပဲလား"

www.burmeseclassic.com



"အကျယ်တော့ အကျယ်ကြီး ... ဒါပေမဲ့ နင် စိတ်ဝင်စားမှာပါ"

"အင်း"

ဒီမြို့ကို ဒီနေ့မနက်မှရောက်တာဖြစ်ပြီး ဘယ်မှမရောက်သေး ရောက်ရောက်ချင်း ခရီးပန်းလာ၍ တန်းအိပ်ကာ နေ့လယ်လောက်မှနိုးကာ သက်ဖွန်နှင့်အတူ ခြံထဲမှာ စကားထိုင်ပြောနေခြင်းဖြစ်လေသည်။

ထိုစဉ် ...

သူတို့နှစ်ယောက်ဆီသို့ ဒေါ်ကြာဖြူဆိုသည့် အိမ်ဖော်မိန်းမကြီး ရောက်လာသည်။

"သက်ဖွန်တို့ ညနေက ဘာနဲ့စားမလဲ လာမေးတာပါ"

"သက်ဖွန်တို့အတွက် ဘာမှလုပ်မနေနဲ့ ဒေါ်ကြာဖြူ မြို့ထဲသွားရင်း အပြင်မှာစားခဲ့မယ်"

"အပြင်က အစားစာတွေက သိပ်ကောင်းမယ်မထင်ဘူး"

ဒေါ်ကြာဖြူက မရဲတရဲနှင့်ပြောလေရာ သက်ဖွန်က ...

"မရှည်နဲ့ သက်ဖွန်တို့ကြိုက်တာ သက်ဖွန်တို့စားမယ် နေရာတကာဝင်ကိုပါတယ်"

"သက်ဖွန်ကလည်းဟယ်"

သီသီက ဒေါ်ကြာဖြူကို အားနာဟန်ဖြင့်ပြောလေသည်။

"နင်ဘာမှမသိပါဘူး သီသီ၊ ဒီအိမ်ကလူတွေက ရှည်ကိုရှည်တယ်"

"သွားလိုက်ပါဦးမယ်"

ဒေါ်ကြာဖြူက ရိုကျိုးစွာပြောသော်လည်း မျက်လောက်နှိုက်ကြီးဖြင့်

www.burmeseclassic.com

www.burmeseclassic.com



သက်ဖွန်ကိုကြည့်သွားတာကို သီသီမြင်လိုက်ရသည်။

"အရမ်းဖွတ်မဟောက်ပါနဲ့ သက်ဖွန်။ ဒီအရပ်ကလူတွေက ဟိုအတတ်တွေတတ်တယ်ဆို"

"သူတို့တာသာ ဘာတတ်တတ် အိမ်စေကို အိမ်စေလိုပဲ ဆက်ဆံရတယ်၊ အရောတဝင်နေရင် ကိုယ့်ကိုလေးစားမှာမဟုတ်ဘူး"

"အဲဒီလိုလည်း မဟုတ်သေးဘူးလေ"

သီသီကချော့မော့ပြောဆိုသော်လည်း သက်ဖွန်က တစ်ဦးတည်း သောသမီးပီပီ မာန်မာနရှိသည့် စရိုက်အတိုင်း ...

"လူဆိုတာ ကိုယ့်နေရာနဲ့ကိုယ်နေရတယ် သီသီရဲ့၊ ဒီအိမ်မှာရှိတဲ့ လူအားလုံး အဖိုးလက်ထက်တည်းက သနားလို့ခေါ်ထားတဲ့လူတွေချည်းပဲ"

"နင်တို့တွေက ရန်ကုန်မှာနေတာဆိုတော့ သူတို့တွေရဲ့နေရေး စားရေးကို ဘယ်လိုလုပ်ထားလဲ"

"ကော်ဖီခြံတွေရှိတယ်လေ၊ အဲဒီက ဝင်ငွေကိုစားကြတာပေါ့၊ ဒီတိုက်ကြီးမှာ အဖိုးလက်ထက်တည်းက လူယုံ ဘဘဦးသုန်ဆိုတာရှိတယ်"

"ဪ ... "

သက်ဖွန်နှင့်သီသီက ကျောင်းနေဖက်။ ရှမ်းပြည်နယ်ရဲ့သဘာဝ အလှအပတို့ကို ခံစားချင်သော သီသီက သက်ဖွန်ခေါ်ရာနောက်သို့ လိုက် ခဲ့ခြင်းလည်းဖြစ်သည်။

"တစ်ခုတော့ ကြိုပြောထားမယ်နော်"

"ဘာကိုလဲ"

"ညဘက်ဆိုရင် ဒီတိုက်ကြီးမှာ သရဲအရမ်းခြောက်တယ်တဲ့"

"ဟုတ်လို့လားဟင်"

www.burmeseclassic.com

www.burmeseclassic.com



"ပေါ်ကြတာပဲ ဟုတ်မဟုတ် ညကျမှသိရမှာပေါ့ အတွေ့အကြုံအသစ်ရတာပေါ့ သီသီရယ် ... မကြောက်စမ်းပါနဲ့"

သီသီက စိတ်ထားနူးညံ့သူပီပီ အနည်းငယ်လန့်လို့သွားသည်။ ခန့်ညားထယ်ဝါလှပြီး ပတ်ဝန်းကျင်နှင့်အလှမ်းဝေးလှသည့်အိမ်ကြီးမှာ တကယ်ပင် သရဲခြောက်တာလား – ဒါမှမဟုတ် – သက်ဖွန်က သူ့ကို နောက်တာပဲလားဟု ဝေခွဲရခက်နေလေသည်။

www.burmeseclassic.com

## အခန်း(၂)
## အမှောင်ထဲက အဘိုးအို

ရှမ်းပြည်နယ်ရဲ့ညနေခင်းလေးကတော့ အေးစိမ့်နေ၏။ စက်ဘီးကိုယ်စီဖြင့် သက်ဖွန်နှင့်သီသီတို့ မြို့ဝင်လမ်းမအတိုင်း စီးဝင်လာခဲ့ကြသည်။

"သက်ဖွန် ဖြည်းဖြည်းနင်းဟာ ငါမောလာပြီ"

"အေးပါဟာ နင်နောက်ကနေ မြန်မြန်သာနင်းလိုက်ခဲ့"

သက်ဖွန်က စက်ဘီးကိုအမြန်နင်းတာမို့ သီသီမောလို့လာ၏။ ကြွင်လမ်းတွေ မြို့တွင်းလမ်းတွေအားလုံး ကုန်းဆင်းကုန်းတက်တွေမို့ စက်ဘီးနင်းရတာမလွယ်ပါ။

"ငါလမ်းတွေမသိဘူး သက်ဖွန်"

"အေး ... အေး"

သက်ဖွန်က စက်ဘီးအရှိန်ကာ လျှော့ချလိုက်မှ နောက်မှ နင်းလိုက်လာသော သီသီက မီတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မြို့ထဲကလမ်းတွေက ညီညီညာညာမဟုတ် ဖြတ်လမ်းတွေ လမ်းဆုံတွေကများလှသည်။ လမ်းဘေးမှအဆောက်အဦပုံသဏ္ဍာန်တို့မှာလည်း ခေတ်မမီတော့ ...

တစ်မြို့လုံး စည်စည်ကားကားမရှိလှဘဲ ခြောက်ကပ်လို့နေသည်။ သီသီစက်ဘီးသာနင်းလာရသည်။ လမ်းတွင် တခြားစက်ဘီးဆိုင်ကယ်ကားတို့ကို တစ်စီးမှမတွေ့ရ ...

မြို့ထဲတွင် လူတချို့ကိုတော့ တွေ့ရ၏။ သို့ပေမယ့် သူတို့မျက်နှာက မျက်နှာသေကြီးများနှင့်ဖြစ်သည်။

လှုပ်ရှားသွားလာပုံမှာလည်း စက်ရုပ်တစ်ခုလိုဖြစ်နေ၍ သူနှင့်ဘေးချင်းကပ်စက်ဘီးစီးနေသော သက်ဖွန်အား ...

"သက်ဖွန် ဒီမြို့ကလူတွေက ဘာတွေလဲဟ"

"နင်ဘာပြောတာလဲသီသီ"

"သူတို့ကြည့်ရတာ တစ်မျိုးပဲဟာ စိတ်ပါလက်ပါနဲ့ တက်တက်ကြွကြွမရှိဘူး"

သက်ဖွန်က ပြုံးလိုက်ပြီး ...

"ဒီမြို့ကလူတွေက ဒီလိုပဲ ဘာမှစိတ်ထဲမှာမထားနဲ့ သူတို့ကိုလည်း ကြည့်မနေနဲ့"

"ဘာလို့လဲဟင်"

အံ့ဩစွာဖြင့် သီသီကမေးလိုက်ရာ

"သူတို့က သူတို့တိုင်ပင်နဲ့သူတို့သွားနေကြတာ ငါတို့လည်း ငါတို့တိုင်ပင်နဲ့ငါတို့ပဲမလား"

"နင်ပြောတာ ငါနားမလည်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"နားမလည်ရင်လည်း မလည်တဲ့အတိုင်းသာနေ ရှေ့လမ်းချိုး လေးတစ်ခုကိုကွေ့လိုက်ရင် ငါ့အသိတစ်ယောက်အိမ်ရှိတယ် အဲဒီကိုသွား မယ်"

ဘာမှစိတ်ဝင်စားစရာမကောင်းသည့် မြို့ထဲကိုရောက်လာပြီး စက် ဘီးလျှောက်စီးနေတာထက် တစ်ယောက်ယောက်နှင့်စကားပြောတာမှ ပို ကောင်းမည်ဟု သီသီတွေးမိသည်။

အချိန်ကလည်း နေဝင်ဖြိုးဖျအချိန်နှင့် အလင်းရောင်က သိပ်မကျန် တော့သလို နှင်းများကလည်းကျလို့လာသည်။

သက်ဖွန်က လမ်းချိုးလေးတစ်လမ်းထဲသို့ဝင်၍ အလွန်အိုမင်းနေ သော တိုက်အိုကြီးရှိသည့် ခြံရှေ့တွင် စက်ဘီးကိုရပ်လိုက်၏။

ခြံကြီးမှာ ကျယ်ဝန်းလှသလို မပြုမပြင်ဘဲထားတာကြောင့်လည်း မြက်ရိုင်းကြီးများပေါက်နေသည်မှာ တောထနေ၏။

တိုက်အိုကြီးဆီသို့အဝင် ကွန်ကရစ်လမ်းကလေးက အတန်အသင့် ကျယ်ဝန်းလှလေသည်။

"စက်ဘီးကိုခြံထဲမှာပဲ ထားခဲ့မယ်၊ အထဲကိုလမ်းလျှောက်ဝင်သွား ကြတာပေါ့"

"သက်ဖွန်ရယ် အိမ်ကြီးက မြင်ရုံနဲ့ကြောက်စရာကြီး"

"နင်ကလည်း အလကားနေ ကြောက်နေတာပဲ လာပါ ငါတစ် ယောက်လုံးပါနေတာပဲ"

သက်ဖွန်က အတင်းဖွတ်ခေါ်လို့သာလိုက်ခဲ့ရသည်၊ သီသီစိတ် ထဲမှာ လိုက်ဖို့ကိုတော့ စိတ်မပါ ...

ကွန်ကရစ်လမ်းလေးလျှောက်ဝင်လာတော့ ရင်ထဲ၌အားခနဲခံစား



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရသည်။ ကြက်သိန်းများလည်းအလိုလိုထလာကာ တစ်ခုံတစ်ခုကို ထိတ်လန့်သလိုဖြစ်နေမိသည်။

သီသီစိတ်ကို ရိပ်မိသွားတဲ့ သက်ဇွန်က ...

"နင်ဘာဖြစ်နေတာလဲ သီသီ"

"ငါ့စိတ်ထဲမှာကြောက်နေတယ်၊ သက်ဇွန်ရယ် ပြီးတော့ ကြက်သိန်းတွေလည်းထနေတယ်"

"နင်ကလည်း အဓိပ္ပါယ်မရှိလိုက်တာ ဘာမှကြောက်စရာမရှိဘူး။ ငါ့အသိနဲ့တွေ့ရင် နင်ပျော်တောင်ပျော်သွားဦးမယ်"

"အေးပါ"

သီသီကိုယ့်စိတ်ကို ကိုယ်ပြန်တင်းလိုက်ပြီး သက်ဇွန်နှင့်အတူ တိုက်အိုကြီးရှေ့သို့ ရောက်လို့လာ၏။

တိုက်အိုကြီး၏ တံခါးမှာကြီးမားသော ကျွန်းတံခါးအနက်ကြီးဖြစ်ပြီး တံခါးကိုပိတ်လို့ထားသဖြင့် သက်ဇွန်က တံခါးကြီးကို လက်နှင့်ထုသည်။

"ဒုံး ... ဒုံး ... ဒုံး ... "

တိုက်အိုကြီးထဲမှ မည်သည့်တုံ့ပြန်သံမှမကြားရ။

"ဒုံး ... ဒုံး ... ဒုံး"

"လူမရှိဘူးနဲ့တူပါတယ် သက်ဇွန်ရယ်"

"ရှိပါတယ် ... အခန်းထဲရောက်နေလို့နေမှာပါ"

ပြော၍ တံခါးကိုဆက်ထုရာ သိပ်မကြာခင်မှာပဲ အထဲမှအသံကြီး တစ်သံထွက်လို့လာသည်။

"ရောက် ... လာ ... ကြ ... ပြီ ... လား"

---



www.burmeseclassic.com

www.burmeseclassic.com



"ရောက်လာပြီ အဖော်ပါ ပါလာတယ် တံခါးဖွင့်ပါဦး"

သက်ဖွန်က အော်ဟစ်လိုက်ရာ ကျွန်းတံခါးအမြင့်ကြီးမှာ တဖြည်းဖြည်းဖွင့်လိုက်လာလေသည်။

"ကျို ..."

"ဟင် ..."

တံခါးကြီးသာပွင့်လာပြီး အထဲမှလူမမြင်ရ၍ သီသီ အံ့သြလို့သွားသည်။ သက်ဖွန်က ...

"လာ ... တို့တွေအထဲဝင်ရအောင်"

"ငါ အပြင်ကပဲစောင့်နေမယ် သက်ဖွန်ရယ်"

သီသီစကားကြောင့် သက်ဖွန်မျက်နှာတင်းမာသွားပြီး ...

"နင်ပါ အထဲလိုက်ခဲ့မှဖြစ်မှာ နေရာတိုင်းကြောက်မနေနဲ့၊ နင်အပြင်မှာနေခဲ့လည်း တစ်ယောက်တည်းဖြစ်နေမှာ ... "

"အင်း"

ခေါင်းကို မညိတ်ချင်ညိတ်ချင်ဖြင့် သီသီညိတ်လိုက်ရသည်။ တိုက်အိုကြီးထဲသို့ လှမ်းဝင်တော့ ခြေလှမ်းကသိပ်မမှန်ချင်။ အထဲ၌လည်း မဲမှောင်နေသလို အသက်ရှူရတာလည်းကျပ်လို့နေ၏။

သက်ဖွန်က သူ့လက်ကိုဆွဲကာ အမှောင်ထဲသို့ ကျွမ်းကျင်စွာလှမ်းဝင်လို့သွားသည်။

အချိန်အနည်းငယ်ကြာတော့ မီးလင်းဖိုဇ၏အလင်းရောင်ကြောင့် အလွန်ကျယ်ဝန်းလှသည့် အခန်းတစ်ခန်းကိုတွေ့လိုက်သည်။

မီးလင်းဖိုဘေးတွင် ဝတ်ရုံအနက်ကြီးကိုဝတ်ထားပြီး တစ်ဆက်တည်းရှိသည့် ခေါင်းဆောင်းကိုဆောင်းထားသည့်အဘိုးအိုတစ်ဦးထိုင်နေ



www.burmeseclassic.com

www.burmeseclassic.com



သည်ကိုတွေ့ရသည်။

သူတို့နှစ်ယောက် အဘိုးအိုအနားသို့လျှောက်သွားပြီး အနီးသို့ ရောက်သောအခါ သက်ဖွန်က ...

"အဘိုး ... ချမ်းလို့လား"

"ချမ်းလို့ရယ် ... မဟုတ်ပါဘူး မြေးရယ်၊ ကဲ ... ထိုင်ကြ"

အဘိုးအိုက သူ့ဘေးနားက ခုံပုလေးတွေနေရာမှာ နေရာပေးရင်း ပြောသည်။ သက်ဖွန်နှင့်သီသီက အဘိုးဘေးမှာဝင်ထိုင်ကြသည်။

သက်ဖွန်က ...

"သမီးတို့ အခုမနက်ပဲရောက်တာ အဘိုးအဆင်ပြေရဲ့လားဆိုပြီး လာကြည့်တာ"

"အဆင်ကတော့ ပြေတယ် မြေး ... မြေးကိုသတိရနေတာ"

အဘိုးအိုရဲ့စကားသံတွေက ပီပီသသတော့မဟုတ် စကားကို တစ်လုံးချင်းအားယူ၍ ပြောနေသည်။

သီသီက အဘိုးအို၏ပြောဆိုပုံနှင့် အမူအရာက ထူးဆန်းနေသလို ဖြစ်နေတာကြောင့် ငေးကြောင်ပြီးကြည့်နေ၏။ တိတ်ဆိတ်လွန်းလှပြီး စကားသံတို့က လိုဏ်ခေါင်းသံထွက်နေတာကလည်း ထူးဆန်းနေ၏။

"မြေး ... တိုက်ကြီးဆီကလာတာ ..."

"အဘိုးသိပါတယ် ... မြေးတို့ရောက်တည်းက အဘိုးသိတာ" "အဘိုးက ဒီမှာနေပြီး အကုန်သိတာပဲ"

"ဘာဆန်းလို့လဲမြေးရယ် ... စိတ်ဟာ အဓိကမလား မြေး လည်း အချိန်တန်တော့သိလာမှာပေါ့"

သက်ဖွန်နှင့်အဘိုးအိုပြောတာကို သီသီဘာမှနားမလည်ပါ။ ရာသီ



www.burmeseclassic.com

www.burmeseclassic.com



ဥတုကြောင့်လား၊ စိတ်ခံစားမှုကြောင့်လားမသိ မီးလင်းဖိုဘေးထိုင်နေတာတောင် လူကအေးစက်လို့နေသည်။

''မြေးနောက်နေ့လာဦးမယ်၊ အခုတော့ သူငယ်ချင်းပါလို့ ပြန်ဦးမယ်အဘိုး''

''အေး ... သူငယ်ချင်းပါလာလို့လား''

''ဟင်''

သီသီအံ့သြသွား၏။ သက်ဖွန်ဘေးမှာထိုင်နေတာကို အဖိုးအိုမမြင်တာ ဘာကြောင့်လဲဟု တွေးမိသည်။

''သူငယ်ချင်းပါလာတယ်လေ ... သူ့နာမည်က သီသီတဲ့''

''ကောင်းပါတယ်ကွယ် ... ငါ့မြေးအဖော်ရတာပေါ့''

အဘိုးအိုက ခေါင်းတညိတ်ညိတ်နှင့်ပြောသည်။ သီသီက အဘိုးအိုကို ခါးကိုင်း၍ ခေါင်းငုံ့ကာ အရိုအသေပြုပြီးနောက် သက်ဖွန်လက်ဆွဲခေါ်ရာ အမှောင်ထဲသို့ လိုက်ပါလာခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃)

# ညဘက်ရောင်းတဲ့ဆိုင်

အမှောင်ထဲမှထွက်လာပြီးနောက် ကျွန်းတံခါးမကြီးဆီသို့ ပြန်ရောက်လာကြပြီး တိုက်အိုကြီး၏ အပြင်ဘက်ဆီသို့ ထွက်လာကြသည်။

"အထဲမှာ ကြောက်စရာကြီး သက်ဖွန်ရယ်၊ အရမ်းမှောင်တာပဲ"

"မမှောင်ပါဘူး"

"ငါတော် ဘာမှမမြင်ရလို့ စမ်းတဝါးဝါးနဲ့ နင့်လက်ဆွဲသွားနေရတာလေ"

သီသီကပြောတာကို သက်ဖွန်ကမသိဟန်ဆောင်၍ စက်ဘီးကို နင်းထွက်သွားသဖြင့် သီသီလည်းနောက်မှ လိုက်ထွက်ခဲ့သည်။

ပတ်ဝန်းကျင်တစ်ခုလုံးတွင် နေ့အလင်းရောင်လုံးဝမရှိတော့ မှိန်ဖျော့ဖျော့အလင်းအားနည်းလှသည်။ မီးတိုင်များမှလွဲ၍ လမ်းမများတွင် လူမရှိသလောက်နည်းလှ၏။

သက်ဖွန်က ...



www.burmeseclassic.com

www.burmeseclassic.com



"နင်ဗိုက်ဆာပြီလား သီသီ၊ ညစာကို ဆိုင်တစ်ဆိုင်ဆိုင်မှာ ဝင်စားရအောင်"

"မိုးတွေအားချုပ်နေဦးမယ်ဟာ"

"နင်ကလည်း ကြောက်တတ်လိုက်တာ တို့ကိုအန္တရာယ်ပေးမယ့် သူတစ်ယောက်မှမရှိဘူး"

"အေးလေ ... နင့်သဘောပဲ"

သက်ဖွန်ကသာ ညစာစားဖို့ပြောသည်။ စည်စည်ကားကား မရှိလှဘဲ ခြောက်သွေ့လွန်းလှသည့် ဒီမြို့မှာ ဆိုင်ဟူ၍လည်း ပီပီပြင်ပြင် မတွေ့ရ။

စက်ဘီးကိုနင်းလာကြရင်း အလင်းရောင်မှိန်ဖျော့နေသည့် ဆိုင် လေးတစ်ဆိုင်ရှေ့သို့ရောက်သောအခါ သက်ဖွန်က စက်ဘီးကိုဆိုင်ထဲသို့ ကွေ့ဝင်လိုက်သဖြင့် သီသီလည်း နောက်မှလိုက်ဝင်ခဲ့သည်။

ဆိုင်လေးရှေ့၌ စက်ဘီးကိုရပ်လိုက်ပြီး ဆိုင်ထဲသို့ဝင်ကာ စားပွဲ လွတ်တစ်လုံးတွင် ဝင်ထိုင်လိုက်၏။

ဆိုင်လေးမှာ သပ်သပ်ရပ်ရပ်နှင့် စားပွဲခုံတို့မှာလည်း ပြောင်လက် လို့နေ၏။

"နင်ဘာစားမလဲ သီသီ"

"နင်အဆင်ပြေတာသာ မှာလိုက်ပါ"

သက်ဖွန်က ကောင်တာစားပွဲရှေ့သို့သွား၍ အစားအသောက်တို့ ကိုမှာကာ သီသီထိုင်နေသည့်စားပွဲသို့ ပြန်လာသည်။

"ခဏတော့ စောင့်ရမယ် သီသီ"

"ရတယ်"

www.burmeseclassic.com

www.burmeseclassic.com



စားပွဲဝိုင်းမှာထိုင်နေရင်း သီသီစိတ်ထဲမှာ တိုက်အိုကြီးထဲရောက်စဉ်က တွေ့ခဲ့သည့်အဘိုးအိုအကြောင်းကို သိချင်လာသဖြင့် သက်ဖွန်အား ...

"ဟို _ တိုက်ကြီးထဲက အဘိုးဟာ ဘယ်သူလဲဟင်"

"ဒီအဘိုးလေးဘာဖြစ်လို့လဲ"

"ဟိုလေ နင်ပြောတော့ နင့်အဘိုးက သေပြီဆို"

"အင်းလေ"

သက်ဖွန်ရဲ့ပုံစံက ဘာမှမဆန်းသလိုနှင့်ပြောသည်။

"သေတဲ့လူက နင်နဲ့စကားပြောတယ်ဆိုတော့ လူမှဟုတ်ရဲ့လား သက်ဖွန်ရယ်"

"နင်ကလည်းတစ်မျိုး"

စိတ်တိုစွာဖြင့် သက်ဖွန်က ပြောလိုက်တာကြောင့် သီသီ ဘာမှ ဆက်မမေးတော့ဘဲ အသာငြိမ်နေလိုက်သည်။

ခဏကြာတော့ ...

သူတို့စားပွဲဝိုင်းတွင် စားပွဲထိုးကောင်လေးတစ်ယောက်ရောက်လာပြီး ထမင်းနှင့်ဟင်းတို့ လာချပေးသည်။

"ငါမှာတဲ့ဟင်းတွေမကြိုက်ရင် နင်ကြိုက်တာထပ်မှာ သီသီ"

"ကြိုက်ပါတယ်"

နှစ်ယောက် ထမင်းကိုသာစားနေလိုက်၍ ဘာစကားမှထပ်မပြောဖြစ်တော့ဘဲ နေလိုက်သည်။

စားသောက်၍ပြီးသွားသောအခါ သက်ဖွန်က ကောင်တာတွင် ပိုက်ဆံသွားရှင်းလိုက်သည်။ ထို့နောက် ... စားသောက်ဆိုင်လေးမှပြန်

www.burmeseclassic.com

www.burmeseclassic.com



ထွက်လာခဲ့ကြသည်။ နှင်းတွေကလည်း အပြင်ဘက်တွင် ကျနေဆဲပင်ဖြစ်သည်။ ရှမ်းပြည်နယ်၏ ဆောင်းရာသီကလည်း လွန်စွာမှပင်ချမ်းအေးလှ၏။

သက်ဖွန်က ဒီအရပ်ဒီဒေသဟာ သူ့အတွက် အစိမ်းမဟုတ်တာကြောင့် ချမ်းတာအေးတာ ဘာပြဿနာမှမရှိပေမယ့် သီသီကတော့ ချမ်းလွန်း၍ စက်ဘီးလက်ကိုင်ကို ကိုင်ထားသည့်လက်တို့ ထုံကျဉ်နေသည်။

"သက်ဖွန် ငါတအားချမ်းနေပြီ"

"ဒီလောက်လည်းမအေးပါဘူး သီသီရယ်"

"ငါက ဒီဒေသက ရာသီဥတုမျိုးကြုံဖူးတာမဟုတ်ဘူး၊ လက်တွေတုန်နေပြီ"

"စက်ဘီးမြန်မြန်သာနင်း သွေးပူသွားရင် မချမ်းတော့ဘူး"

မြို့ပြင်ရောက်တော့ လမ်းဘေးမီးတိုင်ကမရှိတော့၍ အပြန်လမ်းကမှောင်မဲလို့နေသည်။ လေကလည်း ပို၍တိုက်လာသဖြင့် လွန်စွာမှပင် ခိုက်ခိုက်တုန်နေ၏။

စိတ်ကိုတင်း၍ အားယူကာ သက်ဖွန်နောက်သို့အမီ စက်ဘီးကို နင်းလိုက်လာခဲ့သည်။

ကုန်းဆင်းကုန်းတက်များကို ကွေ့ဝိုက်နင်းလာပြီး မကြာမီ ခပ်လှမ်းလှမ်း၌ တိုက်အိမ်ကြီးကိုတွေ့လိုက်ရ၍ အားတက်လို့သွားသည်။

"သီသီ မြန်မြန်နင်း ရောက်တော့မယ်"

"အေး"

စက်ဘီးကိုအမြန်နင်းလာရာ သိပ်မကြာခင်မှာဘဲ တိုက်ကြီးဆီ

www.burmeseclassic.com

www.burmeseclassic.com



သို့ရောက်လာခဲ့ကြသည်။ တိုက်ကြီး၏ အိမ်တံခါးဝတွင် ဒေါ်ကြာဖြူက အဆင်သင့်စောင့်နေသည်ကို တွေ့ရသည်။

"အနွေးထည်ယူမသွားကြဘူးမလား ဒီမှာက သိပ်အေးတယ်"

"ရတယ် ... ဒေါ်ကြာဖြူ ကော်ဖီနှစ်ခွက်သာ အမြန်ဆုံး ဖျော်လာခဲ့"

သက်ဖွန်က လှမ်းပြောလိုက်ပြီး ဧည့်ခန်းထိုင်ခုံတွင် ခြေပစ်လက်ပစ်ထိုင်ချလိုက်သည်။ အိမ်ထဲ၌ အပြင်လိုမအေးတော့ဘဲ အနွေးဓာတ်ကာ ရနေသည်။ ဒီအရပ်ဓလေ့အတိုင်း ဧည့်ခန်း၌ မီးလင်းဖို၏အနွေးဓာတ်က လည်း အပြင်မှာအေးလာသမျှ နွေးထွေးသွားစေသည်။

"ရန်ကုန်မှာ ဆောင်းရာသီအေးတာ ဒီအရပ်ကလူတွေ ရယ်မှာ ပဲနော်"

"ဟုတ်တယ် သီသီ ... နေသားကျနေတဲ့လူတွေအဖို့ ဘာမှ မပြောပလောက်ပါဘူး"

သက်ဖွန်က သီသီကိုပြန်ပြောရင်း ဒေါ်ကြာဖြူယူလာသည့် ကော်ဖီခွက်ကိုယူကာ သောက်လိုက်၏။ ဒေါ်ကြာဖြူက သီသီကိုလည်း ကော်ဖီ တစ်ခွက်ပေးကာ သီသီဘေးတွင် ဝင်ထိုင်လိုက်သည်။

"သက်ဖွန်တို့ မြို့ထဲနှံ့ခဲ့ရဲ့လား"

"ဘယ်မှကောင်းကောင်းမရောက်ဘူး၊ မဟာဂေဒိုဘဲက တိုက်ကြီးဆီဖဲ အဓိကထားသွားခဲ့တာ"

သက်ဖွန်စကားကြောင့် ဒေါ်ကြာဖြူ အနည်းငယ်ပြုံးတုံးပျက်ပျက် ဖြစ်သွားကာ ...

"အဲဒီအိမ်ကြီးထဲ ဘာသွားလုပ်တာလဲ"

www.burmeseclassic.com



"အဘိုးကို သွားတွေ့တာလေ"

"ဟင်"

ဒေါ်ကြာဖြူ အံ့သြသွားပြန်သည်။ သက်ဇွန်က အသာပြုံးသလို နှင့် ကော်ဖီခွက်ကို စားပွဲပေါ်တင်ရင်း ...

"အဘိုးနဲ့တောင် စကားပြောခဲ့သေးတယ်"

"ဟုတ်လို့လား သမီးရယ်"

မယုံသလိုဖြစ်နေသော ဒေါ်ကြာဖြူကို သက်ဇွန်က ခပ်စူးစူး ကြည့်လိုက်သည်။

"ရှင်က သက်ဇွန်ကို ဘာထင်နေလို့လဲ၊ သက်ဇွန်အဘိုးနဲ့ စကားပြောခဲ့တယ်ဆိုတာ မသင်္ကာသလိုနဲ့"

"မဟုတ်ပါဘူးကွယ် ... အစ်ကိုကြီးကသေတာ ... "

"တော် ... ဘာမှဆက်မပြောနဲ့တော့"

သက်ဇွန်က မတ်တတ်ရပ်၍ အော်လိုက်ရာ ဒေါ်ကြာဖြူ ဘာမှ ဆက်မပြောတော့ဘဲ ငြိမ်၍သာနေလိုက်သည်။ သီသီက ဒေါ်ကြာဖြူကို အားနာစွာဖြင့် ကြည့်လိုက်၏။

"အဒေါ်သွားတော့မယ်"

"ဟုတ်ကဲ့"

သီသီကပြောလိုက်ပေမယ့် သက်ဇွန်က မျက်နှာကိုတဘက်သို့ လွှဲကာ ထိုင်ခုံတွင် ပြန်ထိုင်နေလိုက်သည်။ သီသီလည်း နေရာပြောင်း၍ သက်ဇွန်ဘေး၌ဝင်ထိုင်ပြီး ...

"ဘာတွေ ဒီလောက်ဒေါသထွက်နေတာလဲ သက်ဇွန်ရယ်၊ ဒေါ်ကြာဖြူက စိုးရိမ်လို့ပြောတာနေမှာပါ"

---



www.burmeseclassic.com

www.burmeseclassic.com



"နင်မသိပါဘူး သီသီ … သူတို့ကနေရာတကာပါတယ်"

"အဲဒီလိုလည်း ဟုတ်မယ်မထင်ဘူး သူတို့ဒေသကို တို့တွေလာတာဆိုတော့ တစ်ခုခုဖြစ်မှာစိုးရိမ်လို့နေမှာပါ"

သီသီက သက်ဇွန်ကိုအမျိုးမျိုးနှစ်သိမ့်နေသော်လည်း သက်ဇွန်၏စိတ်က ကျေနပ်ပုံမပေါ်သေး ဒေါသဖြစ်လျက်ပင်ရှိနေသည်။

"နင်လည်း သူတို့ကို အရောမဝင်နဲ့ အလုပ်သမားဟာ အလုပ်သမားနေရာမှာ ထားတာပဲကောင်းတယ်"

"ဟိုလေ … "

"မပြောနဲ့တော့သီသီ၊ နင့်စိတ်က တအားနူးညံ့တယ် လူတကာကိုလိုက်အားနာရတာနဲ့ သနားတာနဲ့ အဲဒီစိတ်ဟာ ကိုယ့်ကိုဒုက္ခအပေးဆုံးပဲ"

မာန်မာနတက်စွာပြောတဲ့ သက်ဇွန်ကို သီသီ ဘာမှဆက်မပြောချင်တော့ … အသာငြိမ်၍သာနေလိုက်၏။

ခဏကြာတော့ …

"အိပ်ချင်ပြီ သက်ဇွန်ရယ်"

"အိပ်မယ်လေ … လာ … "

သူတို့ခရီးရောက်စက အိပ်သည့် ဧည့်ခန်းနှင့်ကပ်ရပ် အခန်းဆီသို့ဝင်လာခဲ့ကြသည်။ အိပ်ခန်းမှာ အကျယ်အဝန်းမှာ လွန်စွာကျယ်သည့် အခန်းကျယ်ကြီးဖြစ်သလို အခန်းတွင်း၌လည်း ရေချိုးခန်း အိမ်သာနှင့် ကျွန်းဗီရိုကြီးများရှိသည်။

အခန်းထဲသို့ရောက်သောအခါ သက်ဇွန်က …

"သီသီ … နင်အိပ်ချင်အိပ်တော့ ငါစာဖတ်လိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အိပ်ပါလား သက်ဖွန်ရယ် အေးကအေးနဲ့"

"ငါ ... မအိပ်ချင်သေးဘူး"

သက်ဖွန်ကိုဆက်ပြောလို့လည်း ရမှာမဟုတ်တာကြောင့် သီဝ ခုတင်ပေါ်သို့တက်ကာ လှဲလိုက်ပြီး အလွန်ထူလှသည့် ဂွမ်းစောင်ကြီးကို ခြုံထားလိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၄)
## သတိပေးသံ

ညအမှောင်ကလွန်စွာ မဲမှောင်နေသည်။ အိမ်အပြင်ဘက်တွင် နှင်းဘဲ့ကျသံက သံစဉ်စည်းချက်တစ်ခုလို ညီညာစွာကျနေဆဲ။ ထူထဲစွာ ဖြိုသားသော စောင်ရှိသော်မယ် ချမ်းအေးလို့နေပြုပင်ဖြစ်သည်။

မီးရောင်မှိန်ဖျော့ဖျော့က အခန်းတစ်ခုလုံးကို အလင်းရောင် လုံလောက်စွာ မပေးနိုင်ပါ။ သူ့ဘေးမှာ အိပ်ပျော်နေပြီဖြစ်သော သက်ဖွန်က ကလေးငယ်လေးတစ်ယောက်လို အပြစ်ကင်းနေသည်။ ညဘက်တွင် တရေး အမြဲနိုးတတ်သည့်အကျင့်ကြောင့် သီသီမျက်လုံးကိုဖွင့်ပြီး ဘာရယ်မဟုတ် တစ်ခန်းလုံးကို လိုက်ကြည့်လိုက်ခြင်းဖြစ်၏။

"အူး ... "

ထိုစဉ် ...

အဝေးက ခွဲဆွဲငင်ငင်အူလိုက်သည့် ခွေးအူသံက ရုတ်တရက် ထွက်လာသည်။ စိတ်ထဲ၌ အလိုလို ထိတ်လန့်လို့သွားး၏။ နှင်းကျသံမှလွဲ

---



www.burmeseclassic.com

www.burmeseclassic.com



၌ တိတ်ဆိတ်လွန်းလှသည်ကလည်း သူ့အတွက် ကြောက်စရာကောင်းလွန်းလှသည်။

"အူး ..."

ခွေးအူသံက တဖြည်းဖြည်းနီးလာသလို ခံစားရသဖြင့် သက်ဖွန်းဘေးကိုအသာကပ်ကာ အသားချင်းထိထားလိုက်၏။

"ရှပ် ... ရှပ် ... ရှပ် ..."

ခြေသံ ...

အိမ်ကြီးထဲမှ ပီပီသသကြီးထွက်ပေါ်လာသည့် အသံဖြစ်သည်။

"ရှပ် ... ရှပ် ... ရှပ် ..."

ခြေသံက တဖြည်းဖြည်း သူတို့အခန်းနှင့်နီးကပ်လို့လာသလို ခွေးအူသံကလည်း တဖြည်းဖြည်းနီးလို့လာ၏။

"အူး ..."

"ဟင် ..."

သူတို့အိပ်နေသည့် ခေါင်းရင်းပြတင်းပေါက်မှ ခွေးအူသံ ရုတ်တရက်ထွက်လာသဖြင့် ကြောက်လန့်ပြီး သူ့ဘေးက သက်ဖွန်းကို အတင်းကြုံး၍ဖက်ထားလိုက်သည်။

"ဟဲ့ ... သီသီ ဘာဖြစ်တာလဲ"

"ခြေသံ ... ခွေး ... ခွေးအူသံ"

အသံတုန်တုန်ဖြင့် သီသီက သက်ဖွန်းကိုပြောလေရာ ...

"ဟုတ်လို့လား"

"ဟုတ်တယ် နင်သေချာနားထောင်ကြည့်"

သက်ဖွန်း ခေါင်းထောင်ပြီး နားထောင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှပ် ... ရှပ် ... ရှပ် ... "

"ဟုတ်တယ် သီသီ၊ တို့အခန်းဝအပြင်ဘက်မှာ လမ်းလျှောက်နေတဲ့အသံပဲ"

"ဘာလုပ်ကြမလဲဟင်"

အထိတ်တလန့်နှင့် သီသီက မေးလိုက်၏။ သက်ဖွန့်က ...

"သွားကြည့်ကြမယ် ... "

"ငါမကြည့်ရဲဘူး ... "

"နင်ကလည်း ကြောက်တတ်လိုက်တာ ... လာပါ"

သက်ဖွန့်က သူ့ကိုအတင်းခေါ်နေသည်။ သူလိုက်လည်းမကြည့်ရဲသလို တစ်ယောက်တည်း ခုတင်ပေါ်မှာ မနေခဲ့ရဲ ... သက်ဖွန့်ကတော့ ဒိတ်မာသူပီပီ အခန်းအပြင်ထွက်ကြည့်ဖို့ စိတ်အားသန်နေသည်။

"အွး ... "

ရုတ်တရက် ခွေးအူသံက ထပ်ထွက်လာလေရာ သီသီ သက်ဖွန့်လက်မောင်းကို အတင်းဆုပ်ထားလိုက်၏။

"ဖလပ်"

"ဟင် ... မီးပျက်သွားပြီ"

"ငါ ... ဓာတ်မီးရှာလိုက်မယ်"

သက်ဖွန့်က ကိုယ်ပေါ်မှ စောင်တို့ကိုဖယ်ကာ ထထိုင်ပြီး ခေါင်းရင်းဘက်တွင်ထားသည့် ဓာတ်မီးကို လိုက်ရှာလိုက်သည်။

"ရှပ် ... ရှပ် ... ရှပ် ... "

"နင်ကြားလား သက်ဖွန့် ... ခြေသံက ထွက်မသွားသေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



"သရဲကကြောက်နေရင် ပိုခြောက်လိမ့်မယ် တွေ့လိုက်မှကောင်းမယ်"

ဓာတ်မီးရှာရင်း လေသံတိုးတိုးဖြင့် သက်ဖွန့်က ပြောလိုက်သည်။ ခဏကြာတော့ ...

"တွေ့ပြီ ... ထ ... ငါတို့အခန်းအပြင်ဘက်သွားကြည့်ကြမယ်"

"အင်း"

သက်ဖွန့်နောက်လိုက်သွားဖို့ သီသီဆုံးဖြတ်လိုက်သည်။ နှစ်ယောက်သားခုတင်ပေါ်မှ ဖြည်းဖြည်းချင်းဆင်းကာ ခြေတစ်လှမ်းချင်း အခန်းဝဆီသို့သွားကြသည်။ ဓာတ်မီးကိုတော့ လုံးဝမထိုး။ အမှောင်ထဲတွင် တစမ်းစမ်းနှင့်သွားခြင်းဖြစ်၏။ သက်ဖွန့်က လေသံတိုးတိုးဖြင့်

"အခန်းတံခါးကို နင်ဖွင့် ... ငါဓာတ်မီးထိုးပြီးကြည့်မယ်"

"ဖြစ်ပါ့မလား"

"ဘာလို့မဖြစ်ရမှာလဲ၊ နင်သာရဲရဲတင်းတင်းဆွဲဖွင့် ဘာမှကြောက်မနေနဲ့"

သီသီခေါင်းညိတ်ပြလိုက်သည်။ တဖြည်းဖြည်းနှင့် အခန်းတံခါးအနီးသို့ရောက်လာကြသောအခါ သက်ဖွန့်က သီသီကို မေးဆတ်ပြလိုက်သည်။

"အင့် ... "

"ဟင် ... ဖွင့်လို့မရဘူး"

တံခါးကို လက်နှင့်အတင်းဆွဲဖွင့်ရာ တံခါးကပွင့်မလာပဲဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



ရာ အသံတိုးတိုးဖြင့် သီသီက သက်ဖွန်ကိုပြောလိုက်သည်။ သက်ဖွန်က ဓာတ်မီးကို သီသီကိုပေး၍ သူတံခါးလက်ကိုင်ကွင်းကို အတင်းဆွဲလိုက်၏။

"အင့်"

သို့သော် တံခါးကပွင့်မလာ ...

"ဘာဖြစ်လို့မပွင့်ရတာလဲ"

စိတ်ပျက်စွာရေရွတ်လိုက်ပြီး တံခါးအခြေအနေကို စဉ်းစားလိုက်သည်။

"တံခါးတွေက အတွင်းသော့အပြင်သော့ရှိတယ်၊ နေဦး ငါ သော့သွားရှာဦးမယ်"

ပြော၍ ဓာတ်မီးထိုးပြီး နံရံကပ်ကျွန်းဗီဒိုကြီးများဆီသို့ ထွက်သွားသည်။ ကျွန်းဗီရိုကြီးများ၏ တံခါးများကို တစ်ချပ်ချင်းဖွင့်၍ သော့ရှာရာ မကြာမီ သော့တွဲတစ်ခုကို တွေ့ကာ အခန်းတံခါးဆီသို့လာ၍ဖွင့်သည်။

"ရပြီ — နင်ဒီဘေးကနေ တံခါးဖွင့်တာနဲ့ အပြင်ဘက်ကို ဓာတ်မီးထိုးကြည့်"

"အင်း"

သက်ဖွန်က လက်ကိုင်ကွင်းကိုဆွဲ၍ ဖွင့်လိုက်ရာ ...

"ကျွိ ..."

တံခါးကပွင့်လို့သွား၍ အပြင်ဘက်သို့ကြည့်လိုက်သည်။

"ဟင်"

"ဟာ ..."

ဓာတ်မီး၏အလင်းရောင်အောက်တွင် ဘာမှမတွေ့ရ။

www.burmeseclassic.com

www.burmeseclassic.com



"ပေး ငါ့ကိုဓာတ်မီးပေး"

သက်ဖွန်က သီသီလက်ထဲမှ ဓာတ်မီးကိုတောင်း၍ အိမ်အနောက်ဘက်လျှောက်လမ်းဆီသို့ မီးထိုးပြီးကြည့်လိုက်သည်။

"ဟယ် ... ဘယ်သူလဲ"

အဖြူရောင်ဝတ်စုံနှင့် အမျိုးသမီးတစ်ဦးကို တွေ့လိုက်ရပြီး မီးရောင်အောက်တွင် ရိပ်ခနဲပျောက်လို့သွားသည်။

"သူ ... သူဘယ်သူလဲ ... သရဲလားဟင်"

သီသီက အထိတ်တလန့်နှင့် သက်ဖွန်ကိုမေးလိုက်ရာ သက်ဖွန်က မျက်နှာထားတင်းတင်းနှင့် ...

"အဲဒါ ... ပန်းယမုံ"

"ပန်းယမုံက ဒီအိမ်ထဲမှာပဲရှိတာပေါ့ ဘယ်မှထွက်သွားတာမဟုတ်ဘူးလား"

"ဟုတ်တယ်၊ သူဘယ်မှမသွားဘူး၊ ဒီကိစ္စမနက်မှ ရှင်းမယ်"

ပြော၍ အခန်းထဲသို့ပြန်ဝင်လာကာ တံခါးကိုပိတ်၍ ခုတင်ပေါ်သို့ ပြန်လှဲလိုက်ကြသည်။

သီသီကို ...

"ကဲ ... နင်အိပ်တော့ ဘာသံကြားကြားမထနဲ့"

သက်ဖွန်ကပြောပြီး သူကိုယ်တိုင်ကတော့ နဖူးပေါ်လက်တင်ကာ တစ်စုံတစ်ရာကို အလေးအနက်ထားတွေးနေသည်။

"ဟင်း ... "

သက်ပြင်းကိုလည်း အကြိမ်ကြိမ်ချလို့နေ၏။

www.burmeseclassic.com

www.burmeseclassic.com



သီသီ ဒီအိမ်ကြီးဆီသို့ သက်ဖွန်နှင့်လိုက်လာတာ အပန်းဖြေဖို့ သက်သက်ပင်။

ဒီအိမ်ကြီးနှင့်ပတ်သက်သည့် အကြောင်းတို့ကို သူလုံးဝ သိရှိခြင်းလည်းမရှိ။

သူနှင့်ကျောင်းအတူတက်ကာ အလွန်ရင်းနှီးလှသည့် သက်ဖွန်ခေါ်လို့သာ လာခဲ့ရခြင်းလည်းဖြစ်သည်။

ငွေကြေးချမ်းသာကြွယ်ဝသလောက် လွန်စွာမာနကြီးလှသည့် သက်ဖွန်ဟာ သူ့အပေါ်မှာတော့ ညီမအရင်းနှင့်မခြား လွန်စွာချစ်ရှာသည်။

စာဖတ်အရမ်းဝါသနာပါသလို အရာရာကိုလွန်ကဲစွာတွေးတတ်ဆန်းကျင်ဘက်အတွေးတို့နှင့် အမြဲအလုပ်ရှုပ်နေတတ်တဲ့ သက်ဖွန်ဟာ ကိုကျတော့ ထူးခြားစွာ ချစ်ခင်ရှာပြန်သည်။

အိမ်ကြီးရဲ့ အပြင်ဘက်မှာတော့ ဆီးနှင်းတို့ကျနေဆဲ ရန်ကုန်မှာ ကျတာ နှင်းမှုန်တို့ဖြစ်ပေမယ့် ဒီအရပ်မှာတော့ နှင်းတို့က အဖတ်လိုက်သည်။

ထိတ်လန့်ကြောက်ရွံ့စရာတွေ ဒီအိမ်ကြီးထဲမှာရှိနေတာကို လက်သိလိုက်ချိန်မှာ နှင်းကျတဲ့ညရဲ့ အလှကိုတောင် ထမကြည့်ရဲတော့။

တွေးရင်းနှင့် အိပ်လို့ကလည်းမပျော်ပြန်။ မီးပျက်နေတော့ ညမှောင်ကပို၍ ချောက်ချားလွန်းနေ၏။ သူ့ဘေးက သက်ဖွန်အိပ်ပျော်သွားအိပ်မပျော်သေးဘူးလားဆိုတာ သူမသိ။

အသာငြိမ်၍သာနေလိုက်သည်။

မျက်စိကိုစုံမှိတ် စောင်ကိုခေါင်းအထိလုံအောင်ခြုံကာ အိပ်ပျော်

www.burmeseclassic.com

www.burmeseclassic.com



ရန်ကြိုးစားလိုက်သည်။ ညတာဘယ်လောက်ရှည်လည်း သူကမကြည့်ရဲ၊ ဘာလို့လဲဆိုတော့။

တစ္ဆေခြောက်ခံရမှာ ကြောက်သည်လေ ...

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၅)
## အတိတ်ကာမိခင်

နောက်တစ်နေ့နံနက် အိပ်ရာနိုးတော့ သူ့ဘေးနားတွင် သူ့ကိုနှင့် မရှိ။ နာရီကြည့်လိုက်တော့လည်း နံနက်ရှစ်နာရီပင်ကျော်လို့နေသည်။

အိပ်ရာမှထပြီး ရေချိုးခန်းသို့ဝင်ကာ လွန်စွာအေးစိမ့်နေသည့် ရေဖြင့် မျက်နှာသစ်လိုက်သည်။ ရေတော့မချိုးရဲ မျက်နှာသစ်တာတောင် အေးစိမ့်လို့နေ၏။

ထို့နောက် ...

အဝတ်အစားလဲ၍ အခန်းအပြင်သို့ထွက်လာခဲ့သည်။ ဧည့်ခန်းသို့ ရောက်သောအခါ ယောက်ျားတစ်ဦး ထိုင်နေသည်ကိုတွေ့ရ၍ ဧည့်ခန်းထိုင် ခုံတွင် ဝင်ထိုင်သင့် မထိုင်သင့် စဉ်းစားလိုက်၏။ ထိုင်ခုံတွင်ထိုင်နေသော သူက သူ့ကိုတွေ့သွားပြီး ...

"လာ ... ထိုင်ပါ ... "

သူ့ကိုဖော်ဖော်ရွေရွေနှင့် လှမ်းခေါ်လိုက်သဖြင့် ထိုသူနှင့်မျက်နှာ

www.burmeseclassic.com

www.burmeseclassic.com



ချင်းဆိုင်ထိုင်ခုံတွင် ဝင်ထိုင်လိုက်သည်။

"ကျွန်တော့်နာမည် မိုးဇော်ပါ _ ဒီအိမ်ကြီးကပိုင်တဲ့ ကော်ဖီခြံတွေရဲ့ မန်နေဂျာပါ"

"ဟုတ်ကဲ့"

ဖော်ရွေသော မျက်နှာနှင့်ပြောသော ကိုမိုးဇော်ဆိုသည့်လူကို ခေါင်းညိတ်ပြလိုက်သည်။ အသက်အားဖြင့် သုံးဆယ်ဝန်းကျင်ခန့်ရှိပြီး အသားတဖြူဖြူ၊ အရပ်ကရှည်ရှည်ဖြင့် ယောက်ျားပီသစွာ ချောမောလှသည့် ရုပ်ရည်ပိုင်ရှင်တစ်ဦးလည်းဖြစ်သည်။

"သက်ဖွန်နဲ့အတူပါလာတဲ့ သူငယ်ချင်းမလား ... နာမည်တယ်လိုခေါ်လဲ"

"သီသီသက်ပါ"

"သ, သုံးလုံးပေါ့"

"ရှင်"

ကိုမိုးဇော်က နောက်သလိုပြောင်သလိုနှင့်ပြောလိုက်သဖြင့် နားမလည်စွာနှင့် ကိုမိုးဇော်ကို မော့ကြည့်လိုက်သည်။ ကိုမိုးဇော်ရဲ့ မျက်နှာက ပြုံးထေ့ထေ့နှင့် သူ့ကိုပြန်ကြည့်ပြီး ...

"သီသီ ... ဒီမြို့ကို ပထမဆုံးရောက်ဖူးတာလား"

"ဟုတ်ကဲ့ ... သက်ဖွန်နဲ့အဖော်လိုက်လာတာလေ တစ်ခါမှ ရောက်ဖူးတာမဟုတ်ဘူး"

"ကျွန်တော်တို့ခြံတွေဘက် လာလည်လို့ရပါတယ်၊ အဲဒီဘက်က အရမ်းသာယာတာ"

"သက်ဖွန်လိုက်ပို့ရင်တော့ ရောက်မှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"သက်ဖွန်က ခြံတွေဘက်လာခဲ့တယ်၊ သီသီရောက်ဖူးချင်ရင် ကျွန်တော်လာခေါ်လို့ရတယ်၊ ဒီအိမ်ကလူတွေ ခြံထဲလာနေကျ မှာလိုက်ပေါ့"

အတင်းကို အလည်ခေါ်နေသော ကိုမိုးဇော်ကို ခေါင်းသာညိတ်ပြလိုက်သည်။ ဒီဒေသကို သက်ဖွန်တစ်ယောက်တည်းကို သိရုံဖြင့် ရောက်လာခဲ့ပြီး သက်ဖွန် ခွင့်မပြုရင် သူဘယ်ကိုမှသွားလို့ရတာမှမဟုတ်တာ။ ထို့စဥ် ...

အပြင်မှပြန်လာသော သက်ဖွန် ညှော်ခန်းထဲသို့ဝင်လာ၏။

"ကိုကြီး ... ရောက်တာကြာပြီလား"

"နာရီဝက်လောက်တော့ရှိမယ် ... သက်ဖွန်ရောက်နေတယ်ကြားတာနဲ့ စာရင်းဇယားတွေ ပြရအောင်လာတာ"

"စိတ်ရှုပ်တာတွေ ပြဦးမယ်"

သက်ဖွန်က ညည်းညူရင်း သီသီ့ဘေးက ထိုင်ခုံတွင်ဝင်ထိုင်လိုက်သည်။

"သက်ဖွန် ဘယ်သွားနေတာလဲ"

"ဆိုင်ကယ်နဲ့မြို့ထဲဘက်သွားတာ သီသီနိုးတာကြာပြီလား"

မိုးဇော်မေးတာကိုဖြေရင်း သီသီဘက်လှည့်ကာ မေးလိုက်သည်။

"သိပ်မကြာသေးပါဘူး ... သက်ဖွန် ဘယ်ရောက်သွားလဲဆိုပြီး လိုက်ရှာရင်း ကိုမိုးဇော်နဲ့တွေ့တာ"

"နာမည်တွေတောင် မိတ်ဆက်ကြပြီးပြီပေါ့၊ သီသီဘာစားပြီးပြီလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ... ဘာမှမစားရသေးဘူး သိပ်လည်းဗိုက်မဆာလို့"

"အိပ်ရာထရင် မဆာတာ ဘယ်ရှိမလဲ၊ ဒေါ်ကြာဖြူရေ ဒေါ်ကြာဖြူ ..."

အိမ်နောက်ဘက်လှည့်ကာ အတင်းလှမ်းခေါ်ရာ ဒေါ်ကြာဖြူ အိမ်ရှေ့သို့ပြေးထွက်လာသည်။ ဧည့်ခန်းသို့ရောက်သောအခါ ရှိသေသော အမူအရာဖြင့် သက်ဖွန်အား ...

"ဘာခိုင်းမလို့လဲ ပြောပါ"

"သီသီကို ထမင်းစားခန်းခေါ်သွားလိုက် သူစားချင်တာကျွေးလိုက်ပါ ... ဒေါ်ကြာဖြူနဲ့လိုက်သွားလိုက် သီသီ"

"နင် ... မစားဘူးလား"

"ငါ ... အပြင်မှာစားခဲ့တယ်၊ ဒေါ်ကြာဖြူနဲ့လိုက်သွားလိုက်ပါ"

သက်ဖွန်ရဲ့ပုံသဏ္ဌာန်က အစားစားစေချင်တာထက် မိုးဇော်နှင့် သူ့စကားဝိုင်းမှာ မရှိစေချင်သည့်အမူအရာ ပေါ်လွင်နေသည်။ သီသီလည်း ဒေါ်ကြာဖြူခေါ်ရာ ထမင်းစားခန်းဆီသို့လိုက်ခဲ့တော့သည်။ အနောက်ဘက် လျှောက်လမ်းအတိုင်းဝင်လာပြီး သော့ပိတ်ထားသည့် အခန်းတို့ကို တစ်ခန်းပြီးတစ်ခန်း ဖြတ်လာပြီးနောက် အလွန်သန့်ရှင်းသပ်ရပ်လှသည့် ထမင်းစားခန်းသို့ရောက်လာသည်။

"ထိုင်သမီး ... ဒေါ်ကြာဖြူ ကော်ဖီထည့်ပေးမယ်"

"ရပါတယ် ... သီသီဘာသာ ထည့်လိုက်ပါ့မယ်"

ထမင်းစား စားပွဲတွင် ဝင်ထိုင်ရင် ကော်ဖီအိုးထဲမှ ကော်ဖီများကို ပန်းကန်လုံးထဲသို့ ထည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကြာဖြူက မုန့်ပန်းကန်ကို သီသီရှေ့သို့ ထိုးပေးသည်။

"စား ... သမီး မုန့်တွေအများကြီးရှိသေးတယ်"

"စာတော်ကဲ"

ကော်ဖီသောက် မုန့်စားနေသည့် သီသီဘေးတွင် ဒေါ်ကြာဖြူက မတ်တတ်ရပ်ကာနေပေးသဖြင့် သီသီက အားနာစွာဖြင့် ...

"အဒေါ် လုပ်စရာရှိရင် သွားလုပ်လေ"

"သမီးလိုတာရှိရင် ဒေါ်ကြာဖြူလုပ်ပေးရအောင်ပါ လို့အာပြော ဘာမှအားနာစရာမလိုဘူး"

"လိုတာက ဘာမှမလိုဘူး အဒေါ်ထိုင်ပါဦး ... သီသီမေးစရာ ရှိလို့"

ဒေါ်ကြာဖြူက သီသီဘေးကထိုင်ခုံကို ဆွဲထိုင်လိုက်သည်။ သီသီက ကော်ဖီခွက်ကို တစ်ကျိုက်မော့သောက်ပြီး ...

"အဒေါ် ... ဒီတိုက်ကြီးမှာနေတာကြာပြီလား"

"အင်း ... ကြာပြီဆိုပါတော့၊ သက်ဖွန်ကိုးနှစ်ဆယ်နှစ်သမီး လောက်ကနေခဲ့တာ"

"ဒီတိုက်ကြီးက ပတ်ဝန်းကျင်နဲ့လည်းဝေးတယ်၊ တိုက်ကြီးက လည်းအကြီးကြီး အဒေါ်မပျင်းဘူးလား"

ဒေါ်ကြာဖြူက တစ်ချက်ပြုံးလိုက်ပြီး ...

"နေတာကြာတော့ ကျင့်သားရနေပါပြီ ဒီတိုက်ကြီးမှာက ဒေါ်ကြာဖြူတစ်ယောက်တည်း မဟုတ်ဘူးလေ၊ တခြားလူတွေလည်းရှိ သေးတယ်"

"မတွေ့ပါလား"



www.burmeseclassic.com

www.burmeseclassic.com



"သူတို့အလုပ်နဲ့သူတို့မို့ သမီးနဲ့မဆုံဖြစ်တာပါ"

"ဪ"

သီသီရေရွတ်လိုက်၏။ ဒေါ်ကြာဖြူက ရှမ်းဇမာကပြားဖြစ်ပုံရသည်။ အသားကဖြူဖြူ မျက်နှာကလည်း ရှင်းသန့်ကြည်လင်ကာ ဒေါ်သြမာန်မာနတို့လုံးဝမရှိဘဲ အေးချမ်းလှသည်။

"သမီးနဲ့သက်ဖွန့် သူငယ်ချင်းဖြစ်တာ ကြာပြီလား"

"တက္ကသိုလ်စတက်တည်းက ခင်လာကြတာ ဘာလို့လဲဟင်"

"ဘာရယ်တော့မဟုတ်ပါဘူး သမီးကအေးအေးလေး သက်ဖွန့်က စိတ်မြန်လက်မြန်ဆိုတော့. ဘယ်လိုအပေါင်းအသင်းဖြစ်သွားတာလဲလို့ မေးကြည့်တာ"

သီသီက တစ်ချက်ပြုံးလိုက်သည်။ ကျောင်းတွင် ဘယ်သူနဲ့မှ အဆင်မပြေသည့်သက်ဖွန့်က သူ့အပေါ် လိုက်လျောစွာ ဆက်ဆံတတ်သည်ကို သူကိုယ်တိုင် အံ့သြမိတယ်မလား။

"သက်ဖွန့်က သီသီအပေါ်ကောင်းပါတယ်၊ တစ်ခါတလေ နားလည်ရခက်တာပဲရှိတယ်"

"ဟုတ်တယ် ... သက်ဖွန့်က ငယ်ငယ်တည်းက စိတ်ကူးယဉ်ဆန်တယ် သူလုပ်ချင်ရာလုပ်ရမှ အဲဒါတွေကြောင့်လည်း"

စကားကိုပြောပြီး ဖြတ်လိုက်သဖြင့် ဒေါ်ကြာဖြူကို နားမလည်စွာနှင့် သီသီကြည့်လိုက်၏။

"ဘာတွေဖြစ်လို့လဲ အဒေါ် ... "

"ဟိုလေ ... ဟို ... ဘာမှမဟုတ်ပါဘူး"

တစ်စုံတစ်ခုကို ဖုံးကွယ်လိုက်မှန်း သီသိလိုက်ပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ဆက်မေးရန်မသင့်ဟု စဉ်းစားမိ၍ ငြိမ်နေလိုက်သည်။

ဒေါ်ကြာဖြူက ...

"သမီး ဒီတိုက်ကြီးမှာနေတုန်း လိုအပ်တာရှိရင် ဒေါ်ကြာဖြူကို ပြောပါ"

"သီသီမှာ ဘာတွေလိုအပ်မှာမို့လဲ"

"လိုအပ်တာရှိရင်ပြောတာပါ ... မလိုအပ်ဘူးထင်ရင် သမီး သဘောပါပဲ"

သီသီ ဒေါ်ကြာဖြူကိုအားနာသွားသည်။ တစ်ဖက်ကလိုလိုလား လား အကူအညီလိုလျှင်ပေးပါမည်ဆိုတာကို ငြင်းသလိုဖြစ်သွားတာကြောင့် ဒေါ်ကြာဖြူအား ...

"စိတ်မရှိပါနဲ့ အဒေါ်ရယ် ... သီသီက ဒီတိုက်ကြီးနဲ့ ဒီဒေသ အကြောင်း ဘာမှမသိပါဘူး"

"ဒေါ်ကြာဖြူက သမီးကိုမြင်မြင်ချင်း ကိုယ့်သမီးလေးလို သဘောထားမိပြီးပြောတာပါ"

"အဒေါ်ပြောတဲ့ ကိုယ့်သမီးလေးလိုဆိုတော့ အဒေါ့်မှာ သမီး ရှိလို့လားဟင်"

"ဟင်း ... "

ဒေါ်ကြာဖြူက သက်ပြင်းကိုလေးတွဲ့စွာချလိုက်သည်။ သူ့ရဲ့ ကျက်နှာမှာ ကြေကွဲရိပ်တွေ ရုတ်တရက်သန်းလာတာကို မြင်ရတာကြောင့် သီသီက ...

"အဒေါ်စိတ်ထိခိုက်ရမယ်ဆိုရင်မပြောပါနဲ့ ... သီသီက ဘာရယ်မဟုတ်ဘူး မေးလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်ကြာဖြူမှာ သမီးလေးရှိပါတယ်၊ ခုဆိုသမီးတို့အရွယ်ရောက်ပြီပေါ့"

"ဟုတ်လား – ခုဘယ်မှာလဲဟင် နာမည်လည်း ဘယ်လိုခေါ်သည်း အဒေါ် …"

"ဘယ်ရောက်နေလဲဆိုတော့ တမလွန်ကိုရောက်နေတာ နာမည်ကတော့ …"

ထမင်းစားခန်းနံရံကိုကြည့်ပြီး တွေတွေကြီးငေးကာ စကားကိုတစ်လုံးချင်းပြောနေသော ဒေါ်ကြာဖြူကို သီသီက စိတ်ဝင်တစားနှင့်ကြည့်နေသည်။

"ပြောလေ … အဒေါ် … အဒေါ့်သမီးနာမည်ဘယ်သူလဲဟင်"

"ပန်း … ယ … မုံ"

"ရှင် …"

သီသီအံ့ဩစွာနှင့် ရေရွတ်လိုက်သည်။ ဒေါ်ကြာဖြူကတော့ ဆက်လုံးထဲဝေ့တက်လာတဲ့ မျက်ရည်တို့ကို မျက်တောင်ကြည့်ပုတ်ခတ်နေသည်။

"ပန်းယမုံက အဒေါ့်သမီးပေါ့၊ ဒီအိမ်ကြီးရဲ့အရှင်သခင် သက်ဖွန့်အဘိုးရဲ့မြေးစားသမီးဆိုတာလား"

"သမီးက ဒေါ်ကြာဖြူ သမီးပန်းယမုံအကြောင်း အကုန်သိနေတာလား"

"ခုန သီသီပြောသလောက်ပဲသိတာပါ၊ သက်ဖွန့်ပြောပြတာ …"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကြာဖြူက ခေါင်းကို တညိတ်ညိတ်လုပ်ပြီး လေသံအေးအေးနှင့် ...

"သမီး သိထားသလောက်ပဲ သိထားတာကောင်းပါတယ်"

"တခြားအကြောင်းတွေရှိသေးလို့လား"

"အကြောင်းတိုက်ဆိုင်လာတဲ့တစ်နေ့ကျရင် ဒေါ်ကြာဖြူပြောပြပါ့မယ်"

"ဟုတ်ကဲ့"

ဒေါ်ကြာဖြူရဲ့ ပဟေဠိကြောင့် သီသီစိတ်ထဲမှာ ပန်းယမ်းဆိုသည့် ကောင်မလေးအကြောင်း ပိုလို့စိတ်ဝင်စားသွားသည်။ ဒေါ်ကြာဖြူရဲ့ ပုံစံကလည်း ဆက်လက်ပြောလိုဟန်မရှိတာကြောင့် မမေးတော့ဘဲ ငြိမ်နေလိုက်သည်။ ကော်ဖီနှင့်မုန့်တို့လည်းစားပြီးတာကြောင့် ဒေါ်ကြာဖြူကို နှုတ်ဆက်ကာ ထမင်းစားခန်းမှ အိမ်ရှေ့သို့ ထွက်လာခဲ့တော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၆)
## ခမိုးဖော်

အိမ်ရှေ့ညည့်ခန်းရောက်လာတော့ ညည့်ခန်းတွင် သက်ဖွန်ကို မတွေ့တာကြောင့် ခြံထဲသို့တစ်ယောက်တည်းဆင်းလာခဲ့သည်။ ခြံကြီးမှာ ကုန်းအမြင့်တွင်ရှိတာကြောင့် ပတ်ဝန်းကျင်၏ဖွေပသော ရှုခင်းများကို ငေးရင်း တိုက်ကြီးပတ်ကာ ဖောက်ထားသည့် အုတ်လမ်းလေးအတိုင်း လျှောက်ကြည့်လိုက်သည်။

ပန်းပင်များ၊ သစ်ခွရုံလေးများနှင့် ချစ်စဖွယ်လှပသောသပ်စွာ ဆောက်လုပ်ထားသည့် သစ်လုံးအိမ်ငယ်လေးကိုတွေ့ရသဖြင့် သက်ဖွန် တို့၏အဘိုးစိတ်ကူးကိုချီးကျူးမိသည်။ တိုက်ကြီး၏ ခေါင်းရင်းဘက်သို့ရောက် သောအခါ မြင်းစောင်းတစ်ခုကိုတွေ့ရပြီး မြင်းများကို အဘိုးအိုတစ်ဦးက အစာကျွေးနေသည်ကို တွေ့ရသည်။

သီသီ မြင်းများကို စိတ်ဝင်စားသွားပြီး မြင်းစောင်းရှိရာဆီသို့ လျှောက်ကာသွားသည်။ သူလာတာကို အဘိုးအိုကမြင်သောအခါ မြင်းစာ

www.burmeseclassic.com

www.burmeseclassic.com



ထည့်နေရာမှရုပ်၍ ...

"လုံမလေးက သက်ဖွန်နဲ့ပါလာတဲ့ ဧည့်သည်မလား"

"ဟုတ်တယ် ... အဘိုး အခိုးမြင်းစာကျွေးနေတာ စိတ်ဝင်စားတာနဲ့လာကြည့်တာ"

"ကောင်းပါတယ် ... သတ္တဝါတွေဆိုတာ လူတွေရဲ့အကြင်နာကို အမြဲလိုနေတာလေ"

ရှမ်းသံဝဲဝဲနှင့်ပြောနေသော အဘိုးအိုကို သီသီက ပြုံးပြလိုက်ပြီး မြင်းများကိုကြည့်၍ ...

"မြင်းကြီးတွေက အကောင်အကြီးကြီးပဲနော် ... အဘိုး စီးတာလား"

"စီးတဲ့အခါလည်း စီးတာပဲ၊ အများအားဖြင့်တော့ လှည်းဆွဲတာများပါတယ်၊ ဒီအရပ်မှာ အခုထက်ထိ မြင်းလှည်းတွေသုံးတယ်လေ"

"သီသီလည်း တစ်ခါလောက် မြင်းလှည်းစီးဖူးချင်တယ်"

"လုံမလေး မြင်းလှည်းမစီးဖူးဘူးလား"

"သီသီတို့ ရန်ကုန်မှာ မြင်းလှည်းမှမရှိတာ"

အဘိုးအိုက သဘောပေါက်စွာဖြင့် ခေါင်းညိတ်ပြလိုက်သည်။

"လုံမလေး မပြန်ခင်တစ်ရက်တော့ အဘိုး မြင်းလှည်းနဲ့ မြို့ထဲကိုလျှောက်ပြပါ့မယ်"

"တကယ်နော် အဘိုး"

"တကယ်ပါ၊ လုံမလေး အခုဘယ်ကိုလာတာလဲ"

"ဘယ်ရယ်မဟုတ်ပါဘူး၊ သက်ဖွန်ကို အိမ်ထဲမှာမတွေ့တာနဲ့ ခြံထဲလျှောက်ကြည့်နေတာ"

www.burmeseclassic.com

www.burmeseclassic.com



"ခြံကအကျယ်ကြီး မကြာဖြုကိုခေါ်ပြီး လျှောက်ကြည့်ပါလား၊ တစ်ယောက်တည်းဆိုတော့ ..."

အဘိုးအိုက စကားကိုရပ်လိုက်ပြန်သည်။ အဘိုးအိုရဲ့သဘောက ခြံထဲလျှောက်ကြည့်တာကို လိုလားသည့်ပုံမရ ...

"တစ်ယောက်တည်း ဘာလို့လဲဟင်"

"အဖော်မပါတော့ ကိုယ်သိချင်တာ ဘယ်သိရမလဲ"

အဘိုးအို၏အကြောင်းပြချက်က သိပ်မနိုင်လုံပေမယ့် ခြံထဲလျှောက်သွားတာကို မလိုလားတာကပေါ်လွင်နေ၏။

"သီသီ ... အိမ်ထဲကိုပဲပြန်သွားပါ့မယ်"

"ကောင်းပါတယ်လေ၊ တစ်ခါတစ်ခါမှာ ကိုယ်နဲ့မဆိုင်တဲ့ကိစ္စတွေသိရင်မကောင်းဘူး"

"ဟုတ်ကဲ့ ... ဒါနဲ့အဘိုးနာမည် ဘယ်သူလဲဟင်"

"ဦးသုန်"

စကားကို တုံးတိတိအဖြေပေးပြီး မြင်းစာထည့်ပြီးသည့်တောင်းအလွတ်ကြီးကိုယူကာ မြင်းစောင်းထဲမှထွက်သွားသဖြင့် သီသီလည်း ယောင်ချာချာနှင့်မြင်းစောင်းမှထွက်ကာ အုတ်လမ်းလေးအတိုင်း တိုက်ကြီးရှေ့သို့ပြန်ထွက်လာခဲ့သည်။

တိုက်ကြီးရှေ့ ကျောက်စားပွဲဝိုင်းတွင် ဝင်ထိုင်လိုက်ပြီး သူ ဒီကိုရောက်လာပြီး တွေ့ကြုံရသည့် အတွေ့အကြုံတို့မှာ ထူးဆန်းနေသည်များကို တွေးနေမိသည်။

ဒီတိုက်ကြီးမှာသူတွေ့ပြီး စကားပြောခဲ့သည့်လူများမှာ တစ်စုံတစ်ခုကို ကွယ်ဝှက်ထားပုံရ၏။ ပြောသည့်စကားများမှာလည်း ဆန်းလို့

www.burmeseclassic.com

www.burmeseclassic.com



နေသည်။ သက်ဖွန်ကိုယ်တိုင်ကလည်း သူ့ကိုထားပြီး ဘယ်ထွက်သွားသည်မသိ။

ထို့ခဏ ...

သူထိုင်နေရာစားပွဲဆီသို့ ဆယ့်လေးနှစ်ဆယ့်ငါးနှစ်အရွယ် ကောင်မလေးတစ်ယောက် အအေးဗန်းကိုကိုင်ကာ သူ့ရှေ့ကျောက်စားပွဲပေါ်တွင် လာချပေးသည်။

"ဒေါ်ကြာဖြူ ပို့ခိုင်းလိုက်တာပါ"

"အေး ... အေး ညီမလေးက ဒီတိုက်အိမ်ကြီးကပဲလား"

"ဟုတ်ကဲ့"

"ဘာအလုပ်လုပ်တာလဲ ထိုင်ပါဦး"

"အိမ်ဖော်ပါ၊ မထိုင်တော့ဘူး သွားတော့မယ်မမ၊ ဒေါ်ကြာဖြူက ချက်ချင်းပြန်လာရမယ်လို့ မှာလိုက်လို့"

"အေးလေ ... ဒါဖြင့်လည်းသွားတော့ ..."

ကောင်မလေးက သူ့ရှေ့မှ ရိုကျိုးစွာ ထွက်သွားသည်။

"ဒီအိမ်ကြီးကလူတွေက ဘာတွေလဲ၊ စကားပြောတာလည်း ပွင့်ပွင့်လင်းလင်းမရှိကြဘူး ... ဘာအကြောင်းတွေများရှိကြလဲမသိဘူး၊ ငါလိုက်လာတာ မှားများမှားနေလားမသိဘူး"

တစ်ယောက်တည်းတွေးကာ နေလေသည်။

ထိုအချိန်တွင် ခြံထဲတွင် လူတစ်ယောက်ပေါက်တူးကိုထမ်းကာ သူစားပွဲအနီးသို့လျှောက်လာသည်ကို တွေ့လိုက်သည်။ အနားသို့ရောက်သောအခါ ...

"သက်ဖွန်နဲ့ပါလာတဲ့သူမလား"



www.burmeseclassic.com

www.burmeseclassic.com


"ဟုတ်ကဲ့"

သီသီခေါင်းညိတ်ပြလိုက်ရာ ထိုလူက သူ့ရှေ့ထိုင်ခုံတွင် ဝင်ထိုင်လိုက်ပြီး ထမ်းလာသည့်ပေါက်တူးကို ဘေးသို့ချလိုက်၏။

ထို့နောက် ...

"ကျွန်တော့်နာမည် စိုင်းအောင်ပါ _ အဖိုးဦးသုန်ရဲ့ မြေးဆိုပါတော့"

"ဟုတ်ကဲ့"

စိုင်းအောင်က သူ့ကိုယ်သူ မိတ်ဆက်လိုက်သည်။ အသက်နှစ်ဆယ်ကျော်ခန့်ရှိပြီး ယောကျ်ားပီသသော ရုပ်ရည်ကို ပိုင်ဆိုင်ထားသူလည်း ဖြစ်သည်။

"သက်ဖွန် မနက်က ကိုမိုးဇော်နဲ့ကော်ဖီခြံဘက်လိုက်သွားတာ တွေ့လိုက်တယ် _ တစ်ယောက်တည်းပျင်းနေတယ်မလား"

"ပျင်းတယ်ရယ်လည်း မဟုတ်ပါဘူး"

"ခင်ဗျား မညာပါနဲ့ ... ဒီမှာက ဘာဖျော်ဖျော်စရာရှိလို့လဲ၊ ဒီပုတ်ဝိန်းကျင်ရဲ့ ရှုခင်းတွေဆိုတာ ကြည့်ပါများရင် ရိုးသွားမှာပဲ"

ငယ်ပေါင်းတွေလို ရင်းနှီးစွာပြောတဲ့ စိုင်းအောင်စကားကြောင့် သီသီတစ်ယောက်တည်းထိုင်နေတာထက်စာရင် စိတ်ထဲ၌ အနည်းငယ် လန်းလာသည်။

"ကိုစိုင်းအောင်က ဒီအိမ်ကြီးမှာနေတာ ကြာပြီလား"

"နှစ်နှစ်လောက်ပဲရှိသေးတယ်၊ အရင်က မူဆယ်ဘက်မှာနေတာ အဘိုးကအသက်ကြီးပြီဆိုတော့ အဖော်အဖြစ်လာနေပေးတာဆိုပါတော့"

"ဒီအိမ်ကြီးမှာ ဘာအလုပ်လုပ်တာလဲဟင်"


www.burmeseclassic.com

www.burmeseclassic.com



"အစုံပဲ ... အားရင် ခြံအလုပ်လုပ်တယ်၊ ပုံမှန်ကတော့ မြင်းကျောင်းတယ် ... ကော်ဖီခြံတွေအတွက် လိုအပ်တာအကုန်လုပ်ပေးရတယ်"

စကားကို ရဲတင်းသွက်လက်စွာပြောဆိုနေတဲ့ စိုင်းအောင်ကို သီသီ ခင်သွားသည်။ စွပ်ကျယ်နှင့်ရှမ်းဘောင်းဘီကို တွဲဝတ်ထားပြီး ကြံ့ခိုင်သည့် ကိုယ်လုံးက ယောက်ျားပီသသည့်ပုံကို ဖော်ဆောင်နေသလိုဖြစ်သည်။

"သီသီက မနေ့ကမှ ဒီကိုရောက်ဖူးတာ ကိုစိုင်းအောင်တို့ဒေသက အရမ်းအေးတာပဲ"

"ခင်ဗျားနာမည် သီသီလား"

"သီသီသက်ပါ"

စိုင်းအောင်က သီသီ့ကို မျက်မှောင်ကျုံ့၍ တစ်ချက်ကြည့်ပြီး–

"ခင်ဗျား ရန်ကုန်ကပဲလား"

"ဟုတ်ပါတယ်"

"ကျွန်တော် ရန်ကုန်ကို အရမ်းရောက်ဖူးချင်တာ၊ တစ်ခါမှ မရောက်ဖူးသေးဘူး၊ ဘွဲ့ရတော့လည်း မန္တလေးမှာ"

"ကိုစိုင်းအောင်က ဘွဲ့ရပြီးသားကိုး"

သီသီရေရွတ်လိုက်တာကို စိုင်းအောင်က ဘာမှအရေးမကြီးသလိုနှင့် ...

"ကျွန်တော် တစ်နေ့တော့ ရန်ကုန်ကိုရောက်အောင်လာဦးမယ်၊ ခက်တာက အဘိုးက ကျွန်တော့်ကို စိတ်မချဘူး"

"ကိုစိုင်းအောင် အရွယ်ရောက်နေပြီပဲ ဘာကိုစိတ်မချတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"လူကြီးပေါ့ဗျာ ဒီလိုပါပဲဗျာ ... ဒါနဲ့ ခင်ဗျားမြို့ထဲရောက်ပြီး ပြီလား"

"မနေ့ညနေက သက်ဖွန်နဲ့မြို့ထဲရောက်တယ် ဘာမှသေချာ မငေ ့ရပါဘူး။ မြို့ထဲရောက်တော့ မှောင်စပျိုးနေပြီ"

သီသီပြောတာကို စိုင်းအောင် စိတ်ဝင်စားသွားသည်။

"သက်ဖွန်ခေါ်သွားတာ တိုက်အိမ်အဟောင်းကြီးဆီကိုမလား"

"ဟုတ်တယ်"

"သက်ဖွန်က သူလုပ်ချင်ရာလုပ်နေတာပဲ ... ထားပါ ခင်ဗျား မြို့ထဲလည်ချင်ရင်ပြော ကျွန်တော် ညနေဆိုအားတယ်"

စိုင်းအောင်က ရိုးသားစွာပြောမှန်း သီသီသိသဖြင့် ...

"သီသီက သက်ဖွန်ခေါ်လာလို့ ပါလာတဲ့သူလေ သူ့ကိုမေးကြည့် လိုက်ဦးမယ်၊ ကိုယ့်သဘောနဲ့ကိုယ်ဆိုရင် မကောင်းဘူးထင်တယ်"

"ခင်ဗျားသဘောပါပဲ ... သက်ဖွန်ကလည်းခွင့်ပြုမယ်ထင်ပါ တယ်"

"သက်ဖွန်ပြန်လာရင် မေးကြည့်လိုက်ပါ့မယ်"

"သွားဖြစ်မယ်ဆိုရင် တိုက်ကြီးရဲ့ခေါင်းရင်းဘက်က သစ်လုံးအိမ် လေးမှာ ကျွန်တော်ရှိတယ် လာပြောပေါ့"

"ဟုတ်ကဲ့"

စိုင်းအောင်က ပေါက်တူးကိုပြန်ထမ်း၍ စားပွဲမှထထွက်သွားသော အခါ သီသီက စိုင်းအောင်ရဲ့ကျောပြင်ကို ဘာရယ်မဟုတ် ထိုင်ငေးနေ လိုက်သည်။

သူ့စိတ်ထဲမှာလည်း စိုင်းအောင်နှင့်စကားပြောရတာ သာယာ



www.burmeseclassic.com

www.burmeseclassic.com



သလိုလို ခံစားမိသည်။ ဘယ်ယောကျ်ားနှင့်မှ ရင်းနှီးကျွမ်းဝင်စွာ ဆက်ဆံဖူးခြင်းမရှိခဲ့သော သူ့ဘဝမှာ စိုင်းအောင်ဆိုသော ယောကျ်ားတစ်ဦး၏ ရင်းနှီးမှုင်လင်းစွာ ဆက်ဆံမှုကို ရင်ထဲက အလိုလိုကျေနပ်နေမိတာကို သူ့ကိုယ်သူ အံ့သြနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com

အခန်း(၇)

## ဓာတ်ပုံထဲက အရိပ်

စိုင်းအောင်ပြန်ထွက်သွားပြီးနောက် ခြံထဲမှာတစ်ယောက်တည်း ဆက်မထိုင်လိုတော့တာကြောင့် အိမ်ထဲသို့ဝင်လာခဲ့သည်။

သူ့ဝင်လာတာကိုမြင်သော ဒေါ်ကြာဖြူက ဆိုဖာဆက်တီများကို ဖုန်သုတ်ရင်းမှ ...

"သမီးတစ်ယောက်တည်း ပျင်းနေပြီလား"

"မပျင်းပါဘူး ... ခုနက ခြံထဲမှာ ကိုစိုင်းအောင်နဲ့စကားပြော နေတာ"

ဒေါ်ကြာဖြူ့မျက်နှာ ရုတ်တရက်တည်သွားပြီး ...

"စိုင်းအောင်က သမီးကို ဘာတွေပြောသေးလဲ"

"အထူးအထွေတော့ ဘာမှမပြောပါဘူး။ မြို့ထဲသွားချင်ရင် ညနေ လိုက်ပို့ပေးမယ်တဲ့"

"ဟင်း"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကြာဖြူ၏ သက်ပြင်းသံက သိသိသာသာကျယ်လွန်းလှသည်။

"အဒေါ်က ကိုစိုင်းအောင်နဲ့ သီသီ ဆက်ဆံတာ မကြိုက်လို့လားဟင်"

"မဟုတ်ပါဘူး ... စိုင်းအောင်က သဘောကောင်းပါတယ်၊ ဒီခြံမှာ သူ့ကိုပဲ အားကိုးနေရတာ"

"ဟုတ်တယ်နော် ကိုစိုင်းအောင်ပုံစံက ပွင့်ပွင့်လင်းလင်းနဲ့ခင်ဖို့ကောင်းတယ်"

သီသီရဲ့ချီးကျူးပြောဆိုမှုကို ဒေါ်ကြာဖြူက လက်ခံသည့်အနေဖြင့် ခေါင်းညိတ်ပြ၏။

"သမီး ဗိုက်ဆာပြီလား ... သက်ခွန်က ညနေမှပြန်လာမယ်ထင်တယ်"

"မဆာသေးပါဘူး ... အဒေါ်. သက်ခွန်က အပြင်သွားတာ သီသီကိုတောင်ပြောမသွားဘူး"

"အရေးကြီးလို့နေမှာပါ၊ မောင်မိုးဇော်နဲ့ကော်ဖီခြံတွေကိုစစ်သွားလုပ်တာထင်တယ်"

"ဟုတ်မှာပါ သီသီအခန်းထဲ သွားလှဲလိုက်ဦးမယ်"

"ထမင်းဆာရင် ထမင်းစားခန်းကိုလာခဲ့ ဒေါ်ကြာဖြူရှိနေမယ်"

"ဟုတ်ကဲ့"

သီသီ ဒေါ်ကြာဖြူရှေ့မှထွက်လာပြီးနောက် အိပ်ခန်းထဲသို့ ဝင်လာခဲ့သည်။

အခန်းထဲ၌ ခုတင်ပေါ်ထိုင်ရင်း နံရံကပ်ကျွန်းဗီရိုကြီးများကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်၍ စိတ်ဝင်စားသွားပြီး ဗီရိုကြီးများရှေ့သို့သွားကာ ဗီရိုတံခါးကိုဖွင့်လိုက်သည်။

"ဟင်"

ဗီရိုထဲရှိ အဝတ်အစားတို့မှာ နှစ်ကြာလို့ထင်၏။ အရောင်တို့မှာ ဖျော့လို့နေသည်။

"ဒါ ... သက်ဖွန်ရဲ့အဝတ်အစားတွေနေမှာပါ"

တွေးမိပြီး စိတ်ဝင်တစားနှင့် လိုက်ကြည့်မိသည်။ ဗီရိုအတွင်း၌ တတိယအထပ်တွင် ဓာတ်ပုံအယ်လ်ဘမ်တစ်ခုကိုတွေ့ရ၍ ကြည့်ရန်အတွက် ယူလိုက်ပြီး ဗီရိုတံခါးကိုပြန်ပိတ်လိုက်၏။

အယ်လ်ဘမ်ကိုစလှန်လိုက်ရာ သက်ဖွန်၏ဒက်ဒီနှင့်မာမီတို့၏ ပုံရိပ်ကိုတွေ့လိုက်ပြီး သက်ဖွန်ငယ်ငယ်က အရွယ်အစားပုံသဏ္ဍာန်အမျိုးမျိုးတို့ကို ရိုက်ထားသည့်ဓာတ်ပုံကို တွေ့ရသည်။

ဓာတ်ပုံအယ်လ်ဘမ်ကို လှန်ကြည့်ရင်း ... ၊

"ဟင် ... ဒီပုံက ဘယ်သူ့ပုံလဲ"

အရွယ်ရောက်လာချိန်တွင် ရိုက်ထားသည့် သက်ဖွန်၏ပုံက အခု သက်ဖွန်ပုံနှင့် တခြားစီဖြစ်နေသည်။

"တခြားသူတစ်ယောက်ယောက်နေမှာပါ"

နောက်ထပ် ဓာတ်ပုံတို့ကို တစ်ခုချင်းလှန်ကြည့်သော်လည်း ယခု သက်ဖွန်နှင့်တူသည့် ပုံတို့ကို မတွေ့ရတော့ဘဲ တခြားသူမပြင်ဘူးသည့် ကောင်မလေးပုံတို့ကိုသာ တွေ့ရသည်။

"ဘယ်လိုဖြစ်လို့ တခြားသူရဲ့ပုံတွေဖြစ်နေတာလဲ၊ သက်ဖွန်နဲ့ သည်း လုံးဝမတူဘူး"



www.burmeseclassic.com

www.burmeseclassic.com



ပုံများကိုကြည့်ရင်း ခုတင်ပေါ်၌လှဲလိုက်ရာ စိတ်ထဲ၌လွန်စွာ အိပ်ချင်လာသော စိတ်တို့ကို ထိန်းလို့မရဖြစ်လာ၏။

"ဝါး ..."

အရမ်းသန်းကာ အိပ်ချင်လှလာသဖြင့် မျက်လုံးကိုမှိတ်လိုက်ရာ မကြာခင်မှာပဲ အိပ်ပျော်လို့သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

အိပ်ခန်းထဲသို့ဝင်လာသည့် ခြေသံကိုကြားလိုက်ရ၍ သီသီခေါင်းထောင်၍ကြည့်လိုက်၏။

"ခေတ်ပုံထဲက ကောင်မလေးပါလား"

ကောင်မလေးက သူ့ဘေးနားသို့လာပြီး သူ့ကိုငုံ့ကြည့်သည်။ သူ့ရင်ထဲတထိတ်ထိတ်နှင့် ဘာလုပ်မလဲစောင့်ကြည့်လိုက်၏။ ရင်ထဲမှာလည်း တထိတ်ထိတ်နှင့်ခုန်လို့နေသည်။

ကောင်မလေးရဲ့လက်ကလှုပ်ရှားလာသည်။ သူ့ရင်ဘတ်ပေါ်က အယ်လ်ဘမ်ကို လက်နှင့်အသာမယူပြီး ဗီရိုထဲသို့ထည့်ရန် သူ့ဘေးမှပြန်ထွက်သွားသည်။ ထို့နောက် ...

ဗီရိုတံခါးကိုဖွင့်၍ ခေတ်ပုံအယ်လ်ဘမ်ကိုပြန်ထည့်ပြီး ဗီရိုကို ပြန်ပိတ်လိုက်သည်။

ပြီးတော့ – ခုတင်ပေါ်မှာရှိနေတဲ့သူ့ကို ခပ်ပြုံးပြုံးလေးကြည့်ပြီး နောက် အခန်းအပြင်ဘက်သို့ ပေါ်ဖြူဖြူ လွင့်သွားသလို ပြန်ထွက်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ ... ခုတင်ပေါ်မှထလိုက်ပြီး ကြည့်ဖို့ကြိုးစားသော်လည်း မဖြစ်နိုင်တဲ့အရာတစ်ခုက သူ့ကိုတင်းကျပ်စွာ ဆွဲချုပ်ထားသလိုဖြစ်နေပြီး ဘယ်လိုမှထလို့မရဖြစ်နေသည်။

အခန်းထဲမှ နေ့လယ်ခင်း အလင်းရောင်ကလည်း တဖြည်းဖြည်း မှောင်လို့လာသည်။ တစ်ခန်းလုံး ဘာကိုမှ သဲသဲကွဲကွဲမမြင်ရ မှောင်သည် ထက်မှောင်ကာ မှောင်လို့သွားသည်။

"ဝေါ ... "

အဆက်မပြတ်တိုက်လာတဲ့ လေပြင်းတို့ရဲ့အသံကို နားထဲတွင် ပီပီပြင်ပြင်ကြားနေရသည်။

"ဟင် ... "

ရုတ်တရက် ချက်ချင်းသူ့မျက်လုံးထဲမှာ လင်းလက်လို့သွားသည်။ သူမြင်လိုက်ရတဲ့အလင်းရောင်က နေ့လယ်ခင်းနေရဲ့အလင်းရောင်မဟုတ်၊ ဖယောင်းတိုင်တစ်တိုင်၏အလင်းရောင်ဖြစ်နေသည်။ သူမြင်နေရတာက သူ့အခန်းလည်းမဟုတ် တစ်ခါမှမရောက်ဘူးသည့် အခန်းတစ်ခန်းဖြစ်လို့ နေသည်။

ဖယောင်းတိုင်ရှေ့တွင် မိန်းမကြီးတစ်ဦး ခရုံစ်ယာန်သီလရှင်များ ဝတ်သည့် ဝတ်ရုံကြီးကိုဝတ်လို့ထားပြီး ဖယောင်းတိုင်ကိုငြိမ့်သက်စွာ ထိုင် ကြည့်နေသည်။

"ဘာလုပ်နေတာလဲ"

သိချင်တဲ့စိတ်ကြောင့် ခြေသံကိုလုံအောင်လျှောက်ပြီး ထိုအမျိုး သမီးကြီးအနားသို့သွားကာ အသေအချာကြည့်လိုက်သည်။

"ဟင် ... ဒေါ်ကြာဖြူ"



www.burmeseclassic.com

www.burmeseclassic.com



အံ့ဩစွာနှင့် ရေရွတ်လိုက်သည်။ ဒေါ်ကြာဖြူက သူ့ကိုမြင်ဟန် မတူ မျက်လုံးကိုမှိတ်ကာ ပါးစပ်မှလည်း တတွတ်တွတ်ရွတ်နေသည်။

သူ့အသားတွေ တဆတ်ဆတ်တုန်လာတယ်။ လည်ချောင်းက လည်း ခြောက်ကပ်လို့လာပြီး ဒူးများပင် ခွေကျလို့ ယိုင်ချင်လာသည်။

ဒေါ်ကြာဖြူက ဖယောင်းတိုင်ရှေ့မှ အသာထလိုက်ပြီး ဆံပင်ရှည် တို့ကို ဖားလျားဖြန့်ချလိုက်၏။ ထို့နောက် ...

တဖြည်းဖြည်း သူ့ဘက်သို့လှည့်ကြည့်လိုက်ရာ

"အမလေး"

ကြောက်စရာမျက်နှာကြီး ထိတ်လန့်ရွံရှာစရာကောင်းလွန်းလှ သည်။ မူလ ဒေါ်ကြာဖြူပုံစံလည်းပျောက်လို့သွားသည်။

"ရှင် ... ရှင် ... "

ထိတ်လန့်လွန်း၍ စကားသံတို့ ပီပြင်စွာထွက်မလာဘဲ တုန်လို့ နေ၏။ သူ့ဆီသို့လေးကွေးသော ခြေလှမ်းဖြင့်တိုးလာလေရာ —

"အား"

အသံကုန်အော်ဟစ်ကာ မေ့လဲကျသွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

အခန်း(၈)

ကျောင်းနက်ကြီး၏ မာန်ဗီသံ

"သမီး ... ဘာဖြစ်တာလဲ"

အဘေင်းငွေပ်နှီးတဲ့အသံကြောင့် သတိပြန်ဝင်လာပြီး ကြည့်လိုက်သည်။

"ဒေါ်ကြာဖြူ ... ရှင် ... ရှင်"

ထထိုင်ပြီး ဒေါ်ကြာဖြူကို ကြောက်လန့်စွာနှင့်ကြည့်လိုက်ရာ ဒေါ်ကြာဖြူက နားမလည်စွာနှင့် ...

"ဒေါ်ကြာဖြူလေ ဘာဖြစ်လို့လဲ ... သမီးအော်သံကြားလို့ အခန်းထဲဝင်လာတာ"

"ရှင် ... အနားမကပ်နဲ့ ... မကပ်နဲ့လို့ပြောနေတယ်နော်"

"မဟုတ်ဘူးလေ ... သမီး အိပ်နေတာ ... "

ဒေါ်ကြာဖြူ ရှင်းပြဖို့ကြိုးစားပေမယ့် သီသီရဲ့မျက်လုံးထဲမှာ ဒေါ်ကြာဖြူမှ ထိတ်လန့်စရာပြောင်းသွားသော ရုပ်ကြီးကိုသာ မြင်ယောင်



www.burmeseclassic.com

www.burmeseclassic.com



လို့နေသည်။

"သမီး ... ရေသောက်မလားဟင် ... ဒေါ်ကြာဖြူ သွားခပ်လိုက်မယ်"

ပြောပြောဆိုဆိုနှင့် အခန်းအပြင်ဘက် ပြန်ထွက်သွားသည်။ စိတ်တိုဂယောက်ဂယောက်ဖြစ်နေသည်ကို ငြိမ်အောင်ထိန်းလိုက်၏။ အသက်ရှူသံပြင်းပြင်းကြောင့် ရင်တစ်ခုလုံး မို့မောက်တက်နေ့ဖလေရာ မောပန်းနွမ်းလျလို့လာ၏။

"သမီး ရေသောက်လိုက် ... နေ့လယ်ဘက်အိပ်ပြီး အိပ်မက်ဆိုးတွေမက်နေတယ်ထင်တယ်"

"အင်း"

ဒေါ်ကြာဖြူပေးတဲ့ ရေခွက်ကိုယူ၍ ဖြည်းဖြည်းချင်းသောက်လိုက်မှ စိတ်ကငြိမ်လို့လာ၏။

"ကြည့်ပါဦး ... ချွေးတွေကရွဲနေတာပဲ ဒေါ်ကြာဖြူချွေးတွေသုတ်ပေးမယ်"

"ရပါတယ် ... အဒေါ် သီသီအင်္ကျီလဲလိုက်ပါ့မယ်"

"ဒေါ်ကြာဖြူ ... ထမင်းစားခန်းက စောင့်နေမယ်နော် ထမင်းစားလိုက် ... နေ့လယ်နှစ်နာရီကျော်နေပြီ"

"ဟုတ်ကဲ့"

ဒေါ်ကြာဖြူက အခန်းအပြင်ဘက်သို့ထွက်သွားသောအခါ ခုတင်ပေါ်ကဆင်းပြီး အဝတ်အစားထည့်လာသည့် ခရီးဆောင်သေတ္တာထဲမှ အင်္ကျီနှင့်ဘောင်းဘီရှည်တို့ကို ထုတ်ကာလဲလိုက်သည်။

သူမက်ခဲ့သည့် နေ့လယ်ခင်း အိပ်မက်ဆိုးအကြောင်း သိတ်လန့်



www.burmeseclassic.com

www.burmeseclassic.com



လို့နေသည်။ ဒေါ်ကြာဖြူက အိမ်မက်ထဲကလို တကယ့်ကဝေမကြီးလား၊ မျက်နှာကြီးကလည်း ရုတ်တရက်ဆိုးရွားစွာပြောင်းသွားရင် သူဘယ်လို လုပ်မလဲ။

အတွေးတွေနှင့်ပင် ထိတ်လန့်နေသည်။ သက်ဖွန်ကလည်း ပြန် မရောက်သေးတာမို့ ဒီတိုက်ကြီးထဲမှာ အဖော်ဆို၍ ဒေါ်ကြာဖြူပဲရှိတာ မလား။

အခန်းအပြင်ဘက်သို့ထွက်လာပြီးတော့ ထမင်းစားခန်းရှိရာ ဘက်သို့ လျှောက်လာသည်။

ဒေါ်ကြာဖြူက ထမင်းစားခန်းတွင် သူ့ကိုအဆင်သင့်စောင့်နေ သည်။

"လာ ... သမီး ထမင်းစားရအောင်"

"အဒေါ် စားပြီးပြီလား"

"ဒေါ်ကြာဖြူ ထမင်းမစားတာ ကြာလှပြီ"

"ရှင် ... "

သူ မယုံနိုင်လောက်အောင် အံ့သြသွားသည်။ ထမင်းမစားဘဲ ဘယ်လိုအသက်ရှင်မလဲ ...

"သမီးစားလေ ... ဒီနေ့ ဈေးနေ့ဆိုတော့ ဟင်းစားကောင်း ကောင်းတွေရခဲ့တယ်"

"ဒီအရပ်က နေ့တိုင်းဈေးမရောင်းဘူးလား"

"ကုန်စုံဆိုင်တွေတော့ရှိတာပေါ့ ... သားငါးအသီးအရွက်ဈေး ကတော့ ငါးရက်တစ်ခါပဲရောင်းကြတယ် ဈေးနေ့ကြုံချင်ရင် လာမယ့်ဈေးနေ့ ဆို သမီးကို ဒေါ်ကြာဖြူခေါ်သွားမယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"သီသီ မပြန်ဖြစ်သေးရင် လိုက်ခဲ့မယ်"

အိပ်ရာထလည်းဖြစ် နံနက်စာလည်း မစားရသေးတာကြောင့် ထမင်းစားလို့လွန်စွာ ကောင်းလှသည်။ သူ့ဘေးက ဒေါ်ကြာဖြူကတော့ သူလိုအပ်တာကို အကုန်လိုက်လုပ်ပေးသဖြင့် အားနာရပြန်သည်။

"သမီး ... ညနေမြို့ထဲသွားလည်ချင်လား"

"အင်း ... သက်ဖွန်ပြန်လာရင် မေးလိုက်ဦးမယ်လေ"

"သက်ဖွန်ပြန်လာမှာ မိုးချုပ်မယ်ထင်တယ်၊ ကော်ဖီခြံတွေရဲ့ စာရင်းဇယားတွေကြည့်ရင် ကြာတတ်တယ်"

"သီသီတစ်ယောက်တည်း ပျင်းစရာကြီး"

စိတ်ပျက်စွာ ရေရွတ်လိုက်တာကြောင့် ဒေါ်ကြာဖြူက ...

"ဒေါ်ကြာဖြူ စိုင်းအောင်ကိုပြောထားတယ် သူလိုက်ပို့ပေးလိမ့်မယ်"

"ဟိုလေ ... ဟို ... "

"စိုင်းအောင်က ရိုးသားပါတယ်၊ သမီးအတွက် အန္တရာယ်မရှိနိုင်ပါဘူး"

"သက်ဖွန်ကြိုက်ပါ့မလားမသိဘူး ... အဒေါ်"

တစိမ်းယောကျ်ားလေးတစ်ယောက်နှင့် သူဘာမှမသိသည့် မြို့မှာ သွားတာလာတာကို သက်ဖွန် ကြိုက်မှာတော့ သူစိုးမိသည်။ ဒေါ်ကြာဖြူ ကတော့ ...

"သမီးရယ် ... ကိုယ် မရိုးသားတာမှ မဟုတ်တာ သက်ဖွန် လည်း နားလည်မှာပါ"

"ဟုတ်ပါတယ် ကိုစိုင်းအောင်ကလည်း ဒီတိုက်သမီးကြီးကလူပဲ

www.burmeseclassic.com

www.burmeseclassic.com



တခြားလူမှမဟုတ်တာ သွားလိုက်မယ်လေ''

''သွားရင် ... အနွေးထည်ယူသွား ဒီမှာက ညနေဆိုတာနဲ့ တအားအေးလာတာ''

''ဟုတ်ကဲ့''

ခေါ်ကြာဖြူကို ခေါင်းညိတ်ပြပြီးနောက် ထမင်းစားခန်းမှထ၍ အိပ်ခန်းထဲသို့ လျှောက်လာခဲ့သည်။ အခန်းထဲမှ ကုလားထိုင်တွင်ထိုင်ရင်း သူ့အိပ်မပျော်ခင်က ရင်ဘတ်ပေါ်တင်ထားသည့် ဓာတ်ပုံအယ်လ်ဘမ်က နိုးသောအခါ မရှိတော့ ...

ဓာတ်ပုံထဲက ကောင်မလေးက အိပ်မက်ထဲကလို အယ်လ်ဘမ်ကိုလာယူပြီး ဗီရိုကြီးထဲပြန်ထည့်ထားလိုက်လား _ ဒီလိုဆို အဲဒီကောင်မလေးက ဘယ်သူလဲ _ ဒီအိမ်ကြီးမှာ မကျွတ်မလွတ်ဖြစ်နေတဲ့ ဝိညာဉ်တွေလား သူတွေးမိလေ ဒီတိုက်ကြီးထဲမှာနေရတာ ကိုယ့်ကိုယ်ကိုယ် အားငယ်လာမိသည်။

အခန်းထဲကို ဟိုကြည့်ဒီကြည့်နှင့်လိုက်ကြည့်မိသည်။ သက်ရှိဖွန့်လည်းမရှိတာက သူ့စိတ်ကိုပိုလို့အားငယ်မိတာအမှန်ပါ။ ကုလားထိုင်က ထပြီး စာအုပ်တစ်အုပ်လောက် ဖတ်နေတာကောင်းမည်ဟုတွေးမိပြီး စာကြည့်စားပွဲပေါ်မှ စာအုပ်များကိုကြည့်လိုက်၏။

''ဘာစာအုပ်တွေလဲ နာမည်တွေနဲ့တင်ကြောက်စရာကောင်းလိုက်တာ''

စာအုပ်အားလုံးမှာ ဝိညာဉ်နှင့်သက်ဆိုင်သော စာအုပ်များဖြစ်နေသည်။ စာအုပ်အားလုံးမှာလည်း သရေဖုံးအနက်ဖြင့်ဖုံးထားပြီး စာအုပ်နာမည်ကို ရွှေရောင်စာလုံးတို့ဖြင့်ရေးထားပြီး ...

---

www.burmeseclassic.com

www.burmeseclassic.com



သူ မရဲတရဲနှင့်စာအုပ်တစ်အုပ်ကိုယူ၍ ကိုင်မည်အပြု ...

"ညောင်း ... "

စူးစူးဝါးဝါးအော်သံကြားရပြီးနောက် မျက်လုံးများတောက်နေသော ကြောင်နက်ကြီးတစ်ကောင် အခန်း၏အမိုးမျက်နှာကျက်အပေါက်မှ အခန်းထဲသို့ခုန်ချလာသည်။

သူလည်း ထိတ်လန့်လွန်း၍ ရင်ဘတ်ကို လက်နှစ်ဖက်နှင့်ဖိထားလိုက်ရသည်။

ကြောင်နက်ကြီးက သူ့ကိုသေချာစိုက်ကြည့်နေသည်။

"သွား ... သွား ... "

ကြောက်ကြောက်လန့်လန့်နှင့် ကြောင်နက်ကြီးကိုမောင်းထုတ်သော်လည်း ကြောင်နက်ကြီးက ဂရုမစိုက်သည့်ဟန်ဖြင့် ငြိမ်သက်စွာထိုင်ပြီး ဆက်လက်၍စိုက်ကြည့်နေသည်။

သူ့အသားတွေ တဆတ်ဆတ်တုန်လာသည်။ စာကြည့်စားပွဲနားမှစ၍ ကြောင်နက်ကြီးနှင့်ဝေးရာဆီသို့ တဖြည်းဖြည်းနောက်ဆုတ်နောက်ဆုတ်နှင့်သွားလိုက်သည်။

"ညောင်း ... "

အသံကိုပြင်းထန်စွာ အော်ပြီးနောက် ကြောင်နက်ကြီးမှာ မျက်နှာကျက်အမိုးပေါ်သို့ ခုန်တက်ကာ ပျောက်သွားလေသည်။

"ဟင်း"

ထိုအခါမှ သူရင်ဘတ်ကိုလက်နှင့်ထားရာမှ လက်ကိုအောက်သို့ချလိုက်သည်။

"သမီး"



www.burmeseclassic.com

www.burmeseclassic.com



"အမလေး"

ရုတ်တရက် နောက်ကျောက ခေါ်လိုက်တဲ့အသံကြောင့် သူလန့်ဖြန့်သွားသည်။

"သမီး ... ဘာဖြစ်နေတာလဲ"

သူ့ပုံစံကိုကြည့်ပြီး ဒေါ်ကြာဖြူကမေးလိုက်သည်။ သူဒေါ်ကြာဖြူကို သေသေချာချာကြည့်လိုက်ရာ ...

"ဟင်"

အဝတ်အစားတို့မှာ တစ်ကိုယ်လုံးအနက်ရောင် ဝတ်ရုံကြီးကို ဝတ်ဆင်လို့ထားသည်။

"သမီး _ ဘာတွေကြောက်လန့်နေတာလဲ"

"ဟို ဟို အဒေါ်ဝတ်ထားတဲ့ အဝတ်အစားက ဘယ်လိုကြီးလဲ"

"ဘာဖြစ်လို့လဲ ဒေါ်ကြာဖြူ ဝတ်နေကျပဲလေ"

ဒေါ်ကြာဖြူက သူ့အဝတ်အစားကို သူငုံ့ကြည့်ပြီးပြောလိုက်သည်။ သိသိ သူ့စိတ်ထဲမှာတော့ သိပ်မကျဘ ... ခုနကြောင်နက်ကြီးကလည်း နက်မှောင်နေသလို ဒေါ်ကြာဖြူ အဝတ်အစားကလည်း နက်မှောင်လို့နေ၏။

"ခုန ကြောင်နက်ကြီးတစ်ကောင် အမိုးမျက်နှာကျက်ကနေ အောက်ကိုခုန်ချပြီး သိသိ့ကို သေချာစိုက်ကြည့်နေတယ်"

"ဟုတ်လား _ ဒီတိုက်ကြီးမှာ ကြောင်တစ်ကောင်မှမရှိပါဘူး"

"ရှင်"

မျက်လုံးလေးဝိုင်းကာ အံ့သြထိတ်လန့်သွားတဲ့ သူ့အမူအရာကို ကြည့်ပြီး ဒေါ်ကြာဖြူက စဉ်းစဉ်းစားစားနှင့်။

---



www.burmeseclassic.com

www.burmeseclassic.com



"တခြားခြံက ကြောင်မျက်စိလည်ပြီးရောက်လာတာ ဖြစ်နိုင်တယ်၊ စိတ်ထဲဘာမှမထားပါနဲ့ အနွေးထည်ယူ စိုင်းအောင်နဲ့မြို့ထဲသွားမယ်မလား"

"စောမနေဘူးလား"

"အခုချိန်သွားမှ ပြန်ရင်မိုးမချုပ်မှာ"

သီသီလည်း အဝတ်သေတ္တာထဲမှ ခေါင်းစွပ်ဆွယ်တာလက်ရှည်အနက်ရောင်နှင့် ဂျင်းဘောင်းဘီအပြာရောင်ကိုဝတ်ကာ အိမ်ရှေ့သို့ ဒေါ်ကြာဖြူနှင့်အတူ ထွက်လာခဲ့တော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၉)

## မီးအိမ်ရှင်ရဲ့ခေတ်ရှု

အိမ်ရှေ့ရောက်တော့ စိုင်းအောင်က မြင်းလှည်းနှင့်တိုက်ကြီး၏ ဆင်ဝင်အောက်တွင် အဆင်သင့်စောင့်နေသည်။

"စိုင်းအောင်ရေ ... သီသီကို နေရာစုံအောင်လိုက်ပြလိုက်နော်၊ တို့တောင်ပေါ်ဒေသရဲ့ အလှအပတွေကို ရန်ကုန်သူ အံ့သြသွားအောင်"

"စိတ်သာချ ... ဒေါ်ကြာဖြူက မလိုက်ဘူးလား"

"အိမ်မှာလူမှမရှိတာ ... သက်ဖွန်ပြန်လာရင် ရှိမှ ကောင်းမယ်လေ"

"ဟုတ်ပြီလေ"

မြင်းလှည်းခေါ် ရထားလုံး၏ တံခါးကို စိုင်းအောင်က အဆင်သင့် ဖွင့်ပေးထားသဖြင့် သီသီက အထဲသို့တက်ထိုင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



စိုင်းအောင်က သူ့ကိုပြုံးပြပြီး ရထားလုံး၏တံခါးကိုပိတ်ကာ ရထားလုံးမောင်းသည့် အမိုးပေါ်တက်သွားသည်။

ဒေါ်ကြာဖြူက ...

"သမီးသိချင်တာရှိရင် စိုင်းအောင်ကိုမေး"

"သင်္ကော်ဖွန့်ပြန်လာရင်ပြောလိုက်ဦးနော် _ သီသီကိုမတွေ့ရင် စိတ်ဆိုးနေဦးမယ်"

"ဒေါ်ကြာဖြူ ကြည့်ပြောထားလိုက်မယ် သွား _ သွား"

ရထားလုံးလှည်း မောင်းထွက်သွားတာမို့ ဒေါ်ကြာဖြူကိုလက်ပြလိုက်သည်။

ညနေလေးနှာရီဝန်းကျင်ဆိုပေမယ့် နေရောင်က ခပ်မှိုင်းမှိုင်းဖြစ်နေသည်။

မြူနှိုးမှုားဝေ့ဆိုင်းဆိုင်းနှင့်မို့ အေးစိမ့်စိမ့်လိုခံစားရ၏။

ခြံထဲကထွက်လာပြီး အဝေးလှမ်းလှမ်းသို့ရောက်လာသောအခါ ရထားလုံးအား ရုတ်တရက် ရပ်လိုက်သွား၏။ ရထားလုံးမောင်းသည့်နေရာမှ စိုင်းအောင်အောက်သို့ဆင်းလာပြီး သီသီအား ...

"အပေါ်တက်စီးမလား တစ်ယောက်တည်းပျင်းနေမှာစိုးလို့"

"အမိုးပေါ်က မစီးရဲဘူး၊ ပြုတ်ကျမှာကြောက်တယ်"

သူ့ရဲ့ စိုးရိမ်တဲ့ဟန်ကြောင့် စိုင်းအောင်က ...

"ဗဟိုဝန်းကျင်အလှအပဆိုတာ အပေါ်ကနေ ရှင်းရှင်းလင်းလင်း ကြည့်မှ သာယာတာ လေကောင်းလေသန့်လည်း တဝ[illegible] ရှူရမယ်"

"ဟုတ်တော့ဟုတ်ပါတယ်၊ ဒါပေမဲ့ သီသီကြောက်တယ်"

"ဘာမှကြောက်နေနဲ့ _ လာ ကျွန်တော့်စိတ်မှာ မရှိးသားတဲ့

www.burmeseclassic.com

www.burmeseclassic.com



အရိပ်အယောင်တွေ့ရင် ချက်ချင်းအောက်သာဆင်းလိုက်''

"ခုန်ချရမှာလား''

သီသီရဲ့နောက်ပြောင်တဲ့စကားကြောင့် စိုင်းအောင်က ဟက်ဟက်ပက်ပက်ရယ်မောလို့နေသည်။ သီသီလည်း ရထားလုံး၏တံခါးကိုဖွင့်ကာ အောက်သို့ဆင်းလိုက်၏။

စိုင်းအောင်က ရထားလုံးရှေ့မြင်းမောင်းသည့်နေရာတွင်ရှိသော ထိုင်ခုံပေါ်သို့ သီသီတက်ထိုင်နိုင်အောင် ကူညီပေးသည်။ ပြီးမှ သူလိုက်တက်လိုက်သည်။

"ဟဲ့ ...''

မြင်းဇက်ကြိုးကိုကိုင်ကာ ဟန့်လိုက်သည်နှင့် မြင်းကထွက်ခွာ သီသီလန့်ပြီး စိုင်းအောင်လက်ကို ကိုင်မိသလိုဖြစ်သွားသည်။ စိုင်းအောင်နှင့်သူ သူချင်းကပ်ထိုင်ရတာဖြစ်ထားကြောင့် သူ့စိတ်တဲ အနည်းငယ် လှုပ်ရှားနေသည်။ စိုင်းအောင်ကတော့ ဘာမှထူးခြားပုံမရဘဲ ရထားလုံးမောင်းရင်းနှင့် ...

"တောင်ပေါ်ဒေသဆိုတာ အရမ်းအေးချမ်းတယ်ဗျ ... ရာသီဥတုကလည်း အေး _ အေးလေး ပတ်ဝန်းကျင်ရှုခင်းတွေကလည်း စိတ်ကို ငြိမ်းချမ်းစေတယ်''

"ဟုတ်တယ်နော် ... သီသီတို့ရန်ကုန်မှာ အဲဒီလို ရှုခင်းမျိုးလုံးဝမရှိဘူး''

"[illegible]ရာနဲ့သူပေါ့ဗျာ _ ခင်ဗျားတို့ ရန်ကုန်လို မြို့ကြီးမှာလည်း အမြင်တစ်မျိုး[illegible]သာယာမှာပေါ့၊ ဒီမှာက သဘာဝအလှတရားအစစ်တွေလေ''





တောင်ပေါ်သားက သူတို့ဒေသရဲ့အလှအပအကြောင်းကို လွန်ကဲစွာ ဖွဲ့နွဲ့ပြောနေသည်။

စိမ်းလန်းနေတဲ့တောင်တန်းအမြင့်ကြီးများ ထင်းရှူးပင်တို့၏အလှအပများနှင့် လမ်းဘေးဝဲယာ ယူကလစ်ပင်တန်းတို့က ဒီဒေသကို ပို၍လှပစေသလိုဖြစ်နေ၏။

ရထားလုံးအပေါ်မှစီးပြီး လှပတဲ့ရှုခင်းများကိုမြင်ရသည့်အပြင် စိုင်းအောင်ရဲ့စကားသံကြောင့် သူ့စိတ်ထဲပျော်လာသလိုလို တက်ကြွလာသလိုလိုခံစားရသည်။

"လမ်းတွေက အဆင်းအတက်တွေချည်းပဲနော်''

"တောင်ပေါ်မြို့ပဲ အဆင်းအတက်ပေါ်တာပေါ့ ခင်ဗျားကို မြို့ထဲက နော်ရခမ်းကိုခေါ်သွားမယ်''

"နော်ရခမ်းဆိုတာ ဘာလဲဟင်''

စိုင်းအောင့်ရဲ့စကားကို နားမလည်၍ သီသီကမေးလိုက်သည်။

"နော်ရခမ်းဆိုတာ ဒီမြို့ရဲ့တစ်ချိန်က မီးအိမ်ရှင်ဆရာမလေးပေါ့၊ အခုတော့သေသွားပါပြီ ... သူသေတော့ သူ့ကိုဂူဗိမာန်ပြုတဲ့အနေနဲ့ သံလွင်မြစ်ကမ်းနဖူးက ကျောက်တောင်စောင်းနေရာလေးမှာ အုတ်ဂူလုပ်ပြီး အဲဒီနေရာကိုလည်း နော်ရခမ်းလို့ မှည့်ခေါ်ခဲ့တာ ...''

"အဲဒီနေရာမှာ ဘာတွေရှိလို့လဲဟင်''

"အုတ်ဂူကလွဲပြီး တခြားဘာမှမရှိပါဘူး၊ ဒါပေမဲ့ အဲဒီနေရာလေးက အရမ်းသာယာတာ ဒီမြို့ရဲ့အလှဆုံးနေရာလေး''

"ဩော် ...''

သီသီရှေ့ရွတ်လိုက်ပြီး စိုင်းအောင်ပြောသည့် နော်ရခမ်းဆိုသည့်

www.burmeseclassic.com

www.burmeseclassic.com



တောင်ပေါ်သားက သူတို့ဒေသရဲ့အလှအပအကြောင်းကို လွန်ကဲစွာ ဖွဲ့နွဲ့ပြောနေသည်။

စိမ်းလန်းနေတဲ့တောင်တန်းအမြင့်ကြီးများ ထင်းရှူးပင်တို့၏အလှအပများနှင့် လမ်းဘေးဝဲယာ ယူကလစ်ပင်တန်းတို့က ဒီဒေသကို ပို၍ လှပစေသလိုဖြစ်နေ၏။

ရထားလုံးအပေါ်မှစီးပြီး လှပတဲ့ရှုခင်းများကိုမြင်ရသည့်အပြင် စိုင်းအောင်ရဲ့စကားသံကြောင့် သူ့စိတ်ထဲပျော်လာသလိုလို တက်ကြွလာသလိုလိုခံစားရသည်။

"လမ်းတွေက အဆင်းအတက်တွေချည်းပဲနော်"

"တောင်ပေါ်မြို့ပဲ အဆင်းအတက်ပေါ့တာပေါ့ ခင်ဗျားကို မြို့ထဲက နော်ရခမ်းကိုခေါ်သွားမယ်"

"နော်ရခမ်းဆိုတာ ဘာလဲဟင်"

စိုင်းအောင့်ရဲ့စကားကို နားမလည်၍ သီသီကမေးလိုက်သည်။

"နော်ရခမ်းဆိုတာ ဒီမြို့ရဲ့တစ်ချိန်က မီးအိမ်ရှင်ဆရာမလေး ပေါ့၊ အခုတော့သေသွားပါပြီ ... သူသေတော့ သူ့ကိုဂုဏ်ပြုတဲ့အနေနဲ့ သံလွင်မြစ်ကမ်းနဖူးက ကျောက်တောင်စောင်းနေရာလေးမှာ အုတ်ဂူလုပ်ပြီး အဲဒီနေရာကိုလည်း နော်ရခမ်းလို့ မှည့်ခေါ်ခဲ့တာ ..."

"အဲဒီနေရာမှာ ဘာတွေရှိလို့လဲဟင်"

"အုတ်ဂူကလွဲပြီး တခြားဘာမှမရှိပါဘူး၊ ဒါပေမဲ့ အဲဒီနေရာလေးက အရမ်းသာယာတာ၊ ဒီမြို့ရဲ့အလှဆုံးနေရာလေး"

"ဪ ..."

သီသီရေရွတ်လိုက်ပြီး စိုင်းအောင်ပြောသည့် နော်ရခမ်းဆိုသည့်

www.burmeseclassic.com

www.burmeseclassic.com



နေရာလေးကိုရောက်ချင်လာသည်။ ရထားလုံးအရှိန်က တကယ့် ညင်ညင်သာသာလေး သူကြောက်မှာစိုး၍ စိုင်းအောင်က ဖြည်းဖြည်းမောင်းတာလည်းဖြစ်နိုင်၏။

"နောက်ရခမ်းသွားပြီးရင် ဘုရင်မဂူသင်္ချိုင်းသွားကြမယ်"

"ဘယ် ... ဘယ်လို ... ဘုရင်မဂူသင်္ချိုင်းသွားကြမယ်"

"ဟုတ်တယ်လေ ရှေးဟောင်းသင်္ချိုင်း အထဲမှာ အရမ်းကြောက်စရာကောင်းတယ်"

"ကြောက်စရာကောင်းရင် သီသီမကြည့်ရဲပါဘူး"

"ဟား ... ဟား ... ဟား ..."

သီသီကိုငဲ့ကြည့်ပြီး စိုင်းအောင်က အားရပါးရရယ်မောလို့နေသည်။

"ဘာရယ်တာလဲ"

"ခင်ဗျားတို့ မိန်းမတွေက အဲဒါပဲ၊ တစ်ခုခုဆိုကြောက်မယ် လန့်မယ် – အဲ့ဲ သဘာဝကျကျ ဘာမှမတွေးတတ်ကြဘူး"

"ကြောက်စရာရှိကြောက်မှာပဲ လန့်စရာရှိလန့်မှာပဲ ဘာဆန်းလို့လဲ"

စိုင်းအောင်ကို ရန်ပြန်တွေ့တော့ စိုင်းအောင်က ပြုံးပြုံးနှင့် –

"ဘုရင်မသင်္ချိုင်းဂူကို ခင်ဗျားစိတ်ဝင်စားမှာပါ"

"ဘယ်သင်္ချိုင်း ဘယ်အုတ်ဂူမှ စိတ်မဝင်စားဘူး"

"အပြောမစောပါနဲ့ဗျာ အဲဒီသင်္ချိုင်းထဲမှာ ဘုရင်မနဲ့ ပုံတူရုပ်တုရှိတယ်၊ ကျောက်ကိုထွင်းထုထားတာ လက်ရာကလည်း အရမ်းကောင်းတယ်ပဲ"

" ... ... "

www.burmeseclassic.com

www.burmeseclassic.com



စိုင်းအောင်ကိုစကားပြန်မပြောဘဲ မြို့ထဲကိုဝင်လာတာမို့ အေး ဘက်ရှိဆိုင်တချို့နှင့် တိုက်အိုကြီးများကို လိုက်ကြည့်လိုက်၏။

"ကျွန်တော်လည်း အရင်က ဒီမြို့ကို စိတ်မဝင်စားဘူးဗျ၊ နောက် တော့ စိတ်ဝင်စားစရာတွေရှိလာတယ်"

"ဘာကိုလဲ"

"ခုနကျွန်တော်ပြောတဲ့ သချိုင်းလေ"

"တော်တော့ သချိုင်းဆိုတဲ့ အသံကြားတာနဲ့တင် လန့်နေတယ်"

"လူပဲဗျာ သေရင်သချိုင်းရောက်မှာပဲ ဘာကြောက်စရာရှိလို့လဲ"

"သေမှ သချိုင်းရောက်တာကိစ္စမရှိဘူး၊ မသေခင်ရောက်ရင် ကြောက်တယ်"

သူတို့နှစ်ယောက် စကားတပြောပြောနှင့် ရထားလုံးပေါ်ရှိနေရာ အမ်းမပေါ်က လူတချို့က သူတို့ကိုကြည့်သွားကြ၏။

ရထားလုံးက မြို့လယ်လမ်းမအတိုင်း ဝင်လာသည်။ မြို့ထဲမှာ ည်း လူတွေမရှိသလောက်ခြောက်ကပ်လို့နေသည်။

အိမ်များကိုလည်း တောင်ကုန်းအမြင့်ပေါ်၌ ဆောက်ထားကြသလို ဆင်းရှုးပင်များကို ခြံတိုင်း၌တွေ့ရသည်။

"မြို့လို့သာပြောတယ်၊ လူတွေလည်းသိပ်မတွေ့ဘူး"

"တောင်ပေါ်မြို့ကတော့ ဒီလိုပဲပေါ့"

"ဒီလောက်ကြီး တိတ်ဆိတ်ခြောက်ကပ်နေတာ လူတွေမှရှိကြ ရဲ့လားမသိဘူး"

"ဈေးနေ့ဆိုရင်ရှိပါတယ်၊ တခြားရက်တွေဆို လက်ဖက်ခြံတို့ ကော်ဖီခြံတို့သွားနေကြတာ"

"ဪ"

www.burmeseclassic.com

www.burmeseclassic.com



သီသီသဘောပေါက်သွားသည်။ ရထားလုံးလေးလည်း တဖြည်းဖြည်းနှင့်မြို့လယ်လမ်းမအဆုံးသို့ရောက်သောအခါ တွေ့လိုက်ရသည့်မြင်ကွင်းကြောင့် သီသီအံ့သြလို့သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၀)

## ကမ်းခြေကအချစ်ရူ

သံလွင်မြစ်ကမ်းနဖူး ကျောက်တောင်ကျောက်ဆွယ်တွေ ထွက်နေသည့်နေရာလေးမှာ ဆောင်းညနေခင်းလေး နှင့်အတူ လွမ်းစွာလှပလို့နေ၏။ စိုင်းအောင်က ရထားလုံးလေးကို လမ်းဘေးမှာရပ်၍ မြေကွက်ကျယ်တစ်ခုရှေ့၌ ရပ်လိုက်သည်။

"တကယ်လှတယ်ကွာ သီသီ ထင်တောင်မထင်ထားဘူး"

ကလေးတစ်ယောက်လို မြူးထူးစွာပြောနေတဲ့ သီသီကို စိုင်းအောင်ကပြုံး၍ ကြည့်နေသည်။

ကျောက်ဆောင်တွေရဲ့အနားသို့ သီသီကလျှောက်သွားပြီး မြစ်ရေစပ်ထဲ ခြေထောက်ကိုချကာ ဆင်းကြည့်သည်။

"အား ... အေးလိုက်တာ"

"တအားအေးတာပဲ ရေကကြည်စိမ်းနေတာပဲနော်"

www.burmeseclassic.com

www.burmeseclassic.com



"ဒီမြစ်က ခရီးအရှည်ကြီးကလာတာ သူနောက်ဆုံးရောက်မယ့် နေရာက မော်လမြိုင်မြို့ကိုဖြတ်ပြီး ပင်လယ်ထဲစီးသွားမှာလေ"

စိုင်းအောင်က သီသီကို အသေအချာရှင်းပြသည်။ လေနုအေး အေးလေးတွေကလည်း ဝေ့ဝဲကာ တိုက်လို့နေလေရာ သီသီ၏ဆံပင်ရှည် တို့မှာ လွင့်လို့နေလေသည်။ စိုင်းအောင်က သီသီရဲ့မုံစံကိုကြည့်ပြီး —

"ခင်ဗျား တကယ်လှတာပဲ"

"ရှင်"

"ဒီနေရာလေးရယ်၊ အရမ်းလှတဲ့ကောင်မလေးရယ်၊ ညနေခင်း ရယ် ပေါင်းလိုက်တော့ ဒီနေရာလေးဟာ အရမ်းလှတဲ့ပန်းချီကားတစ်ချပ် ဖြစ်သွားပြီလေ"

"ရှင်က တော်တော်အပြောကောင်းတာပဲ"

သီသီက ကျေနပ်စွာနှင့်စိုင်းအောင်ကိုပြောလိုက်ရာ —

"ကျွန်တော်က အပြောကောင်းတာမဟုတ်ဘူး၊ အမှန်ကို ပြောတာ တခြားဘာစိတ်မှတော့မရှိဘူး"

"သိပါတယ် — ရှင်ကရိုးသားတဲ့လူတစ်ယောက်ပဲလို့ သီသီယုံ ပါတယ်"

"ခင်ဗျားတို့မိန်းမတွေက နေရာတကာအကုန်ဗိုက်ယုံနေတာ ပဲ၊ ကျွန်တော်သာလူဆိုးတစ်ယောက်ဖြစ်နေရင် ဘယ်လိုလုပ်မလဲ"

"ခစ် ... ခစ် ... ခစ် ..."

သီသီက ခေါင်းကိုတစ်ချက်ရမ်းလိုက်ပြီး လှပစွာရယ်မောလိုက် ၏။ စိုင်းအောင်က နားမလည်သလိုနှင့် သီသီကိုကြည့်လိုက်သည်။ ပြီးတော့ ခပ်တင်းတင်းလေးသံနှင့်။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ကျွန်တော့်ကို လှောင်တာလား"

"မဟုတ်ပါဘူး _ လူဆိုးဆိုတာ ရုပ်ရှင်တွေထဲမှာ နှုတ်ခမ်းမွေး မုတ်ဆိတ်မွေးတွေနဲ့လေ၊ ရှင့်မျက်နှာက နုဖတ်နေတာပဲ လေသံကလည်း အေးအေးလေး"

"ထားပါဗျာ_လူဆိုတာ မြင်ပရုပ်ရည်ကို ဆုံးဖြတ်လို့မရပါဘူး"

"ရှင်က လူဆိုးလုပ်ချင်တာလား၊ လူဆိုးက သူ့ကိုယ်သူ လူဆိုး လို့ပြောမှာမဟုတ်ဘူး"

စိုင်းအောင် ဘာမှဆက်မပြောတော့ဘဲ မြစ်ကမ်းနဘေး ကျောက် ဆောင်များဘေးရှိ သဲသောင်အတိုင်းလျှောက်သွားသည်။ သီသီလည်း စိုင်း အောင်လျှောက်သွားသည့်နောက်သို့ လျှောက်လိုက်လို့သွားသည်။

"နော်ရခမ်း အုတ်ဂူက ဘယ်နားမှာလဲဟင်"

"ရှေ့နားမှာ"

စကားကို တိုတိုပြတ်ပြတ်ပြောပြီး ဆက်လျှောက်လို့သွားခဲ့ မကြာမီ ...

ကျောက်ဆောင်တစ်ခု၏အကွယ်တွင် လွန်စွာဟောင်းနွမ်း၍ ရေညှိများထက်နေသော အုတ်ဂူတစ်ခုကိုတွေ့လိုက်ရသည်။ စိုင်းအောင် က

"ဒီအုတ်ဂူဟာ နော်ရခမ်း အုတ်ဂူပဲ"

"ကျောက်တုံးကြီးကျနေတာပဲ"

သီသီကကြည့်ပြီး ရေရွတ်လိုက်ရာ ...

"ကျောက်တုံးကိုထွင်းပြီး အလောင်းကိုထည့်သင်္ဂြိုဟ်ထားတာ"

"ထူးထူးဆန်းဆန်းပါလား"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလို သင်္ဂြိုဟ်တော့ အခေါင်းက မပုပ်မသိုးဘဲ ရေရှည် ခံတယ်လို့ ဒီအရပ်က လူတွေပြောကြတာပဲ"

စိုင်းအောင်က စိတ်ရှည်စွာရှင်းပြသည်။

"သေတဲ့လူကသေပြီပဲ၊ မပုပ်မသိုးဘဲ ဒီအတိုင်းရှိနေတော့ ဘာလုပ်လို့ရမှာမို့လဲ"

"ခင်ဗျားပြောတာ မှန်သင့်သလောက်မှန်ပါတယ်၊ ဒါပေမဲ့ ထင်ပေါ်ကျော်ကြားတဲ့လူတွေ အများအတွက်အနစ်နာခံကြတဲ့လူတွေကို နောင်လာနောင်သားတွေ အမြဲအမှတ်ရနေအောင်ဆိုတဲ့သဘောပေါ့"

"ဪ ... "

သီသီက အံ့ဩဟန်ဖြင့် ရေရွတ်လိုက်၏။ စိုင်းအောင်က ...

"မောင်တော့မယ် ... ဘုရင်မသင်္ချိုင်းဂူကို သွားရအောင်"

"ရှင် ... "

"ခင်ဗျားကိုလိုက်ပို့မယ့်ထဲမှာ အဲဒီနေရာပါတယ်လေ မသွားချင်လို့လား"

"မိုးချုပ်တဲ့အချိန် သင်္ချိုင်းသွားရမှာဆိုတော့ စိတ်ထဲတစ်မျိုးဖြစ်နေလို့ပါ"

သီသီစိတ်ထဲမှာ အနည်းငယ်စိုးရွံ့မှုကြောင့် စိုင်းအောင်ကိုပြောလိုက်ပေမယ့် စိုင်းအောင်ကတော့ ဘာမှမဖြစ်သည့်ပုံဖြင့် ...

"ဘာမှမဖြစ်စေရဘူး လာပါ"

စိုင်းအောင်က မြစ်ကမ်းနဘေးဘက်မှ မြင်းလှည်းရှိရာသို့ခေါ် လာသောကြောင့် သီသီလည်း စိုင်းအောင်နောက်မှ ခပ်သွက်သွက်လိုက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



လှည်းပေါ်သို့စိုင်းအောင်ရောက်တော့ လှည်းအောက်မှ သီသီ တက်နိုင်စေရန် လက်ကမ်းပေးသဖြင့် စိုင်းအောင်လက်ကိုဆွဲ၍ လှည်းပေါ် တက်လာခဲ့၏။

တောင်ပေါ်မြို့လေး၏ အေးစိမ့်လှသည့် ညခင်းလေးတွင် ဓာတ် ဆိတ်စွာနှင့် မြင်းလှည်းအတူစီးကာ ဘုရင်မသချိုင်းဂူသို့ထွက်လာခဲ့ကြ သည်။

"ရှင်ပြောတဲ့ ဘုရင်မသချိုင်းကဝေးလား"

"သိပ်တော့ မဝေးပါဘူး မြို့အနောက်ဘက်အစွန်မှာရှိတယ်လေ"

သီသီထပ်မေးတော့ ရောက်ပြီးမှ မပူးဟုစိတ်ထဲတွေးကာ အသာ ငြိမ်၍သာ လိုက်လာခဲ့သည်။

မြို့လယ်လမ်းမအတိုင်း မြင်းလှည်းကို စိုင်းအောင်ကမောင်းလာ ရင်း သိပ်မကြာခင်မှာပဲ အိမ်ခြံကွက်များမရှိတော့ဘဲ သစ်ပင်ကြီးများ သာအုပ်များက လမ်းဘေးတစ်ဖက်စီတွင် ပေါက်နေသော နေရာကိုတွေ့ ရသည်။

သီသီက စိတ်မရှည်စွာဖြင့် ...

"မရောက်သေးဘူးလား"

"ရောက်တော့မှာပါ ဒါသချိုင်းကိုသွားတဲ့လမ်းလေ"

"ဟင်"

"ဘာလဲ ကြောက်သွားပြီလား"

စိုင်းအောင်ရဲ့အမေးကို ပြန်မဖြေနိုင်။ နဂိုကမှ တိတ်ဆိတ်ခြောက် ခပ်လွန်းတဲ့မြို့မှာ အခုလို သချိုင်းကိုသွားနေတဲ့ လမ်းမှာရောက်နေတယ် ဆိုတဲ့အသိကြောင့် သီသီ့ရင်ထဲ ပိုလို့ပင် ထိတ်လန့်လို့နေမိသည်။ လမ်းဆုံး

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၂)
## ခေါင်ရမ်းပန်းကိုလိုချင်သူ

ဘိုက်အိမ်ကြီးဆီပြန်ရောက်တော့ ညဉ့်အတော်ပင်နက်လို့နေသည်။

အိမ်အဝင်ဝတွင် မြင်းလှည်းကိုရပ်ပေးလိုက်ပြီးနောက် စိုင်းအောင်က အိမ်အနောက်ဘက်သို့ ထွက်သွားသည်။

ဒေါ်ကြာဖြူက သီသီပြန်အလာကို အိမ်ဝကနေ စောင့်လို့နေ၏။

"သမီးပြန်လာတာ နောက်ကျလို့ စိတ်ပူနေတာ သက်ဖွန်တောင် ပြန်ရောက်နေပြီ"

"ဟုတ်လား ... သက်ဖွန် ဘယ်မှာလဲဟင်"

"အိပ်ခန်းထဲမှာ ပင်ပန်းလို့ထင်ပါရဲ့ အနားယူနေတယ်"

"သမီး သွားလိုက်ဦးမယ်"

ဒေါ်ကြာဖြူကိုပြောပြီး အိပ်ခန်းဆီသို့ သီသီလျှောက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



မီးရောင်မရှိ၍မှောင်နေသော်လည်း ကြယ်တို့၏ အလင်းရောင်ကြောင့် ပတ်ဝန်းကျင်ကို မှုန်ပျပျတော့ မြင်နေရသည်။ သိပ်မကြာခင်မှာပင် သချိုင်းထဲသို့ရောက်လာကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၁)
## ဘုရင်မသင်္ချိုင်းဂူ

သင်္ချိုင်းထဲရောက်တော့ စိုင်းအောင်က ရေနံဆီမီးခွက်ထွန်းထားသော တဲအိမ်လေးဆီသို့ သူ့ကိုခေါ်သွားသည်။ တဲရှေ့ရောက်သောအခါ

"အဘ ... အဘ"

တဲထဲသို့အော်ခေါ်လေရာ အထဲမှ ပြန်ထူးသံထွက်ပေါ်လာ၏။

"ဟော"

"ကျွန်တော်တို့ ဘုရင်မသင်္ချိုင်းဆီကို လာတဲ့သူတွေပါ"

"ဟေ၊ မိုးချုပ်နေပြီကွာ ဒီအချိန်ကျမှ ဘာလို့လာရတာတုန်း"

"ရန်ကုန်က ဧည့်သည်ကိုလိုက်ပို့တာပါ"

တဲထဲက အဘိုးအိုနှင့်တဲအပြင်က စိုင်းအောင်တို့ အပြန်အလှန် ပြောလိုနေကြသည်။

"အေး ... အေး ... သွားနှင့် ငါနောက်ကလိုက်လာခဲ့မယ်"

"ဟုတ်ကဲ့ ... အဘ၊ လာ ... သွားကြမယ်"

www.burmeseclassic.com

www.burmeseclassic.com



စိုင်းအောင်က သီသီဘက်လှည့်ကာပြောလိုက်ပြီး ထွက်သွားလေရာ သီသီလည်း နောက်မှလိုက်လာခဲ့သည်။

မှိုင်းညို့ညို့သစ်ပင်ကြီးတို့အုပ်ဆိုင်းနေသလို ညအမှောင်ကြောင့် ပိုလို့ပင် ချောက်ချားစရာကောင်းလွန်းလှသည်။

"ဂီး"

"အမလေး"

ရုတ်တရက် ငှက်ဆိုးထိုးသံကြောင့် သီသီလန့်လို့သွားရာ စိုင်းအောင်၏လက်ကို ကိုင်ဆွဲလိုက်၏။

"မကြောက်ပါနဲ့ ညဉ့်ငှက်ပါ"

"ဆက်မသွားရင်ကောင်းမယ် အရမ်းကြောက်ဖို့ကောင်းတာပဲ"

"လာပါ ရောက်ဖူးတယ်ရှိတာပေါ့"

စိုင်းအောင်က အတင်းတက်ကြွစွာခေါ်နေသဖြင့် သီသီမှာတ်ငြင်းဒိုက်နေသည်။ မှိုင်းညို့ညို့တောအုပ်တန်းထဲဝင်လာတော့ ညအမှောင်ထဲတွင် မဲမဲသည်းဆွာန်အုတ်ဂူကြီးကို တွေ့ရလေသည်။

"အဲဒါ ... ဘာလဲဟင်"

"ဘုရင်မဂူလေ"

"ရှင်"

သေချာကြည့်တော့ အုတ်ဂူ၏နဘေးတွင် နန်းဝတ်နန်းစားနှင့် အမျိုးသမီးတစ်ဦး မတ်တတ်ရပ်ကာ သက်ရှိတစ်ယောက်လို သူ့ကို စိုက်ကြည့်နေသည်။

"သူ ... သူက ဘယ်သူလဲဟင်"

သီသီက အသံတုန်တုန်ဖြင့်မေးလိုက်ရာ ...

www.burmeseclassic.com

www.burmeseclassic.com



စိုင်းအောင်က ...

"ဘုရင်မပုံတူ ရုပ်တုလေ"

"ရုပ်တု ဟုတ်လား"

"ဟုတ်တယ်လေ ... ဘာဖြစ်လို့လဲ"

"ထကာယ်လူတစ်ယောက်ရပ်နေတဲ့အတိုင်းပဲ"

ထူးဆန်းစွာနှင့်သီသီကြည့်နေရင်း သူ့ရင်ထဲ အမည်မဖော်နိုင်တဲ့ဝေဒနာတစ်ရပ် ဖြစ်ပေါ်လို့သွားသည်။

ညအမှောင်တွင်တွေ့ရသော ရုပ်တု၏မျက်နှာမှာ သူနှင့်သိပ်ရင်းနှီးသလို ရင်ထဲခံစားမိ၏။

"သူ့ကို လာပြတာလား"

"ရှင်"

သူတို့နောက်ကျောကထွက်ပေါ်လာသည့်အသံကြောင့် သီသီလန့်လို့သွားပြီး လှည့်ကြည့်လိုက်ရာ လွန်စွာမှ အိုမင်းကာ အလွန်ရုပ်ဆိုးလှသည့် အဘိုးအိုကိုတွေ့ရသည်။ စိုင်းအောင်က ...

"အဘက ဘုရင်မသချိုင်းကို စောင့်ရှောက်တဲ့ သုဘရာဇာကြီးလေ နာမည်က ဖိုးယက္ခတဲ့"

"ဟုတ် ... ဟုတ်ကဲ့"

"ဒီသင်္ချိုင်းကို ဒီမြို့ကိုရောက်တဲ့လူတွေ လာကြည့်လေ့ရှိပါတယ်၊ အများအားဖြင့် နေ့လယ်ဘက်လာတာများတယ် ... ညဘက်လာတဲ့သူတွေဆိုတာ"

ပြောပြီး စကားကို ရပ်ပစ်လိုက်၏။ သီသီက အဘိုးအို ဘာဆက်ပြောမလဲဟု နားထောင်နေပေမယ့်အဘိုးအိုက ဘုရင်မရုပ်တုနားသို့

www.burmeseclassic.com

www.burmeseclassic.com



သွား၍ သူနားမလည်သည့် စကားတို့ဖြင့် ရုပ်တုကို ပြောလို့နေသည်။

သိသိက စိုင်းအောင်ကို လေသံတိုးတိုးဖြင့် ...

"သူ ဘာတွေပြောနေတာလဲ"

"မသိဘူးလေ၊ သူဘာသာဇာနဲ့သူချိုင်းထဲက ရုပ်တု စကားပြောနေတာပဲ"

"အဲ့ဒါတော့ သိတာပေါ့ ... ရုပ်တုက သူပြောတာကို နားလည်ပါ့မလား"

"ရုပ်တုမှာ စွမ်းအားတစ်ခုရှိတယ်လို့ ဒီမြို့ကလူတွေ ထင်နေကြတယ်"

"မဖြစ်နိုင်တာ"

သိသိက ရေရွတ်လိုက်ပြီး ခဏကြာတော့အဘိုးအိုကသူတို့အနီးသို့ပြန်လျှောက်လာသည်။ လက်ထဲတွင်လည်း ပန်းအနီတစ်ပွင့်ကိုကိုင်လို့လာ၏။ အနားရောက်တော့ သိသိအား ...

"ရော့ ... ဘုရင်မက မင်းကိုပေးလိုက်တာ"

ပြော၍ပေးလိုက်ရာ သိသိလှမ်းယူပြီး ပန်းကိုသေချာကြည့်လိုက်၏။

"ဟင် ... ခေါင်ရမ်းပန်း မသာပန်းပဲ ကျွန်မ မလိုချင်ဘူး"

"မလိုချင်လို့မရဘူး ... ဘုရင်မက လိုအပ်လို့ပေးလိုက်တာ ယူထားလိုက်"

သိသိပန်းကိုကိုင်ပြီး ဘာလုပ်ရမှန်းမသိဖြစ်နေစဉ် စိုင်းအောင်အား အားကိုးသောမျက်လုံးဖြင့် ကြည့်လိုက်ရာ ...

"ပြန်ကြမယ် ... အဘ ကျွန်တော်တို့ပြန်လိုက်ဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... အေး ... အေး"

စိုင်းအောင်ပြန်ထွက်သွားရာနောက်သို့ သီသီနောက်ကနေ ပြေးလိုက်လို့လာသည်။

သုဘရာဇာ အဘိုးအိုကတော့ ဘုရင်မအုတ်ဂူနားတွင် မတ်တတ်ရပ်လို့ ကျန်ခဲ့လေသည်။

သချိုင်းအပြင်ဘက် မြင်းလှည်းပေါ်ရောက်တော့ သီသီက–

"ဒီခေါင်ရမ်းပန်းက သေတဲ့လူတွေပန်တဲ့ မသာပန်းလေ၊ ကျွန်မက ဘာလုပ်ရမှာလဲ"

"ပန်ထားလိုက်ပေါ့"

စိုင်းအောင်က အေးစက်စက်နှင့်ပြန်ပြောလိုက်သည်။

"ပန်ထားရအောင် ကျွန်မက သေတဲ့လူမဟုတ်ဘူး"

သီသီအသံက အနည်းငယ်ကျယ်လောင်စွာ ထွက်ပေါ်လာသော်လည်း စိုင်းအောင်အမူအရာက တည်တည်ငြိမ်ငြိမ်နှင့် နှုတ်ဆိတ်လို့နေသည်။

"ရှင်တို့မြို့ကိုရောက်တည်းက အထူးအဆန်းတွေချည်းပဲ ကျွန်မတော်တော်စိတ်ညစ်တယ်"

"မင်းက ဘာကိုစိတ်ညစ်တာလဲ"

"အားလုံးရဲ့ အမူအရာကအေးစက်စက်နဲ့ ဘာမှဖော်ဖော်ရွေရွေမရှိဘူး ... သံပတ်ရုပ်တွေလို လှုပ်ရှားနေကြတယ်"

"ဒီအရပ်က ဒီလိုပဲလေ ကြာရင်နေသားကျသွားမှာပါ"

"ကြာကြာလည်းမနေဘူး၊ အိမ်ပြန်ရောက်ရင် သင့်ဒွန်ကိုပြောပြီး ရန်ကုန်ကိုအမြန်ဆုံးပြန်မှာ"

---



www.burmeseclassic.com

www.burmeseclassic.com



စိုင်းအောင်ကိုပြောပြီး နှုတ်ဆိတ်ကာ မြင်းလှည်ပေါ် ပါလာခဲ့တော့သည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၁၂)

ခေါင်းရမ်းပန်းကိုလိုချင်သူ

ဘိုက်အိမ်ကြီးဆီပြန်ရောက်တော့ ညဥ့်အတော်ပင်နက်လို့နေသည်။

အိမ်အဝင်ဝတွင် မြင်းလှည်းကိုရပ်ပေးလိုက်ပြီးနောက် စိုင်းအောင်က အိမ်အနောက်ဘက်သို့ ထွက်သွားသည်။

ဒေါ်ကြာဖြူက သီသီပြန်အလာကို အိမ်ဝကနေ စောင့်လို့နေ၏။

"သမီးပြန်လာတာ နောက်ကျလို့ စိတ်ပူနေတာ သက်ဖွန်တောင် ပြန်ရောက်နေပြီ"

"ဟုတ်လား ... သက်ဖွန် ဘယ်မှာလဲဟင်"

"အိပ်ခန်းထဲမှာ ပင်ပန်းလို့ထင်ပါရဲ့ အနားယူနေတယ်"

"သမီး သွားလိုက်ဦးမယ်"

ဒေါ်ကြာဖြူကိုပြောပြီး အိပ်ခန်းဆီသို့ သီသီထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်အတွင်းထဲရှိ မီးရောင်တို့မှာ မှိန်ဖျော့ဖျော့ ပြာလဲ့လဲ့နှင့် မှိုင်းမှိုင်းတွေ တွေဖြစ်လို့နေသည်။

ဘာကြောင့်များ လင်းလင်းထိန်ထိန်ဖြစ်အောင် ထွန်းမထားတာလဲဆိုတာ စဉ်းစားလို့မရအောင်ဖြစ်မိသည်။

ညည်ခန်းထဲမှဖြတ်ပြီး အိပ်ခန်းဝသို့ရောက်သောအခါ အခန်းတံခါးပိတ်ထားသဖြင့် တံခါးကိုလက်နှင့်အသာထုပြီး သက်ဖွန့်ကို နှိုးလိုက်သည်။

"သက်ဖွန့် ... သက်ဖွန့်"

သက်ဖွန့်က မကြားတာလားမသိ။ အထဲကလှုပ်ရှားသံ ဘာမှမကြားရ။ တံခါးကိုခပ်ပြင်းပြင်းထု၍ အသံကိုမြှင့်ကာ နှိုးလိုက်ပြန်သည်။

"ဒုန်း ... ဒုန်း ... ဒုန်း ... "

"သက်ဖွန့် ... သက်ဖွန့် ... "

သူ့ခေါ်သံကိုကြားလို့ပဲလားမသိ။ အထဲမှလှုပ်ရှားသံကိုကြားလိုက်ရသဖြင့် သိသိအားတက်လို့သွားသည်။

"သက်ဖွန့် ... ငါပြန်ရောက်ပြီ"

"ကျွီ ... "

အခန်းတံခါးကအလိုလိုပွင့်လို့သွားပြီး အရိပ်မည်းကြီးက အခန်းအတွင်းအတွင်းရပ်လို့နေသည်ကို တွေ့ရလေသည်။

"ဟင် ... ဘယ်သူလဲ"

" ... ... "

"ဘယ်သူလဲ"

လွှန်စွာထိတ်လန့်ပြီးမေးလေရာ သူ့ကိုဘာမှပြန်မပြောဘဲ ခေါင်းကို အောက်သို့စိုက်ကာ ငူငူကြီးရပ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာကြီးလဲ ... ပြော ... ပြော ... ပြောလေ"

"သမီး ဘာဖြစ်တာလဲ"

ဒေါ်ကြာဖြူက သီသီ့အနားသို့အပြေးရောက်လာပြီးမေးသည်။

"ဟို ... ဟိုမှာ ... "

လက်ညှိုးထိုးပြီးပြလိုက်လေရာ ...

"ဘာရှိလို့လဲ ... ဒေါ်ကြာဖြူ ဘာမှမတွေ့ပါဘူး"

"ဟင်"

သီသီသေချာကြည့်လိုက်တော့ စောစောကတွေ့ခဲ့သော အရိပ်မည်းကိုမတွေ့ရတော့တဲ့ မဲမှောင်နေသောအခန်းကိုသာ တွေ့လိုက်ရသည်။

"သမီးကိုကြည့်ရတာ တစ်ခုခုကိုထိတ်လန့်နေသလိုပဲ၊ အခန်းထဲက ခုတင်ပေါ်မှာ သက်ဖွန်အိပ်နေတယ် သွားနှိုးလိုက်လေ"

"ဟုတ် ... ဟုတ်ကဲ့"

"သမီး ... လက်ထဲကဘာလဲ"

သီသီလက်ထဲက ခေါင်းရမ်းပန်းကိုကြည့်ပြီး ဒေါ်ကြာဖြူကမေးလိုက်ခြင်းဖြစ်သည်။ ထိုအခါမှ သီသီလည်း သူ့လက်ထဲကိုင်ထားသည့်ပန်းကို သတိရသွားသည်။

"ဟို ... သချိုင်းက သုဘရာဇာကြီးပေးလိုက်တာ"

"အေး ... အေး သက်ဖွန်ကိုပေးလိုက်"

"ရှင်"

သီသီ ဘယ်လိုနားလည်ရမှန်းမသိ။ အမှန်ဆို မသာတွေကိုပေးတဲ့ပန်းကို စွန့်ပစ်ဖို့သာ ဒေါ်ကြာဖြူပြောသင့်သည်။

ခုတော့ ...

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကြာဖြူ အိမ်အနောက်ဘက်ထွက်သွားတော့ သီသီလည်း အိပ်ခန်းထဲသို့ဝင်လာသည်။ ကြောက်စိတ်ကတော့ မပြယ်သေး။ ခုတင်ပေါ်တွင် အိပ်မောကျနေသော သက်ဇွန်ကိုမနှိုးတော့ဘဲ ဘေးမှခုံပေါ်မှာသာ ထိုင်နေလိုက်၏။

လက်ထဲက ခေါင်ရမ်းပန်းကိုလည်း သေချာလှည့်ပတ်ကြည့်နေလိုက်သည်။

"ပန်းလေးကလှပါတယ်၊ ဘာလို့လူတွေက ဒီပန်းကိုမသာတွေမှာ ပန်ပေးတာလဲ"

တစ်ယောက်တည်းရေရွတ်လိုက်ပြီး ပန်းကိုခုတင်ဘေး စားကြည့်စားပွဲပေါ်တွင်ထားမည်အပြုတွင် ...

"အဲဒီပန်း ငါ့ကိုပေး"

ခုတင်ပေါ်က သက်ဇွန်၏အသံ ရုတ်တရက်ထွက်ပေါ်လာသည်။

"နိုးနေပြီလား သက်ဇွန်"

"အေး ... ပေးလေ အဲဒီပန်း ငါ့ကိုပေးပါ"

"နင်ဘာလုပ်မလို့လဲ ... ဒါ ခေါင်ရမ်းပန်း၊ သေတဲ့လူတွေမှ ပန်တာ"

သီသီကပြောသော်လည်း သက်ဇွန်ကဖွတ်အတင်းယူကာ သူ့ခေါင်းထွင် ပန်လိုက်၏။

"ငါ လှရဲ့လား"

"ဟဲ့ ... သက်ဇွန် အဲဒီပန်းက မသာပန်း မပန်ကောင်းဘူး"

"ဘာဖြစ်လဲ ... ဟာ နင်သေချာကြည့် ငါနဲ့လှရဲ့ဘားလို့"

ပြော၍ အခန်းနံရံက မီးခလုတ်ကိုဖွင့်လိုက်၍ သိပ်မကြာခင်

www.burmeseclassic.com

www.burmeseclassic.com



[illegible] အခန်းထဲ [illegible] မှိန်မှိန်က လင်းလာသည်။ သက်ဖွန်က [illegible] ဖန်ထားသော ခေါင်ရမ်းပန်းကြောင့် သူ့ကိုယ်သူ [illegible]

"[illegible] တွေ လုပ်မနေပါနဲ့ သက်ဖွန်ရယ်"

"ခစ် _ ခစ် _ ခစ်"

သက်ဖွန်က ရယ်မောလို့နေ၏။ သီသီကတော့ သက်ဖွန်ရဲ့အမူအရာကိုနားမလည်နိုင်သဲ ဖြစ်နေသည်။

"နင်က မနက်တည်းက ထွက်သွားလိုက်တာ ပြန်ကိုမလာတော့ဘူး"

"ခြံထဲက အလုပ်သမားတွေ သွားကြည့်တာ ဘာလဲ နင်ပျင်းနေလို့လား"

"ပျင်းတာပေါ့ တော်သေးတယ် ဟိုလူက မြို့ထဲလိုက်ပို့လို့"

"ပျော်ခဲ့တယ်ပေါ့"

"ပျော်ဖို့နေနေသာသာ ကြောက်စရာကောင်းလိုက်တာ မပြောနဲ့တော့ ခုနင်ပန်ထားတဲ့ခေါင်ရမ်းပန်းက ဘုရင်မသချိုင်းက သုဘရာဇာ ဦးကိုပေးလိုက်တာ"

သက်ဖွန်က သီသီကို သေချာစိုက်ကြည့်ပြီး ...

"ပန်းက တစ်ပွင့်တည်းပေးလိုက်တာလား"

"အင်းလေ"

သီသီ သက်ဖွန်အမေးကို နားမလည်သလိုနှင့်ဖြေလိုက်၏။

"နင် ထမင်းမစားရသေးဘူးမလား"

"မစားတော့ပါဘူး သက်ဖွန်ရယ် ဗိုက်ထဲ သိပ်ဆာဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကော်ဖီသောက်မလား ငါဒေါ်ကြာဖြူကို ဖျော်ခိုင်းလိုက်မယ်လေ"

"ရတယ် ... မသောက်တော့ဘူး"

ပြောပြီး ခုတင်ပေါ်တက်ကာ လှဲနေလိုက်သည်။ သက်ဖွန့်က တော့ ခုတင်ဘေးတွင် မတ်တပ်ရပ်၍ ...

"ငါ ဒီည အဘိုးနဲ့သွားတွေ့စရာရှိတယ်"

"မနေ့ညက မြို့ထဲက အိမ်ကြီးမှာတွေ့ခဲ့တဲ့ အဘိုးလား"

"ဟုတ်တော့ဟုတ်တယ်"

သီသီက အံ့ဩစွာဖြင့် ...

"ညဘက်ကြီး မြို့ထဲကိုသွားတွေ့ရမှာပေါ့ နင်ဘယ်သူနဲ့သွားမှာလဲ"

"မြို့ထဲသွားတွေ့မှာမဟုတ်ဘူး ဒီအိမ်ကြီးရဲ့အပေါ်ထပ်မှာ သွားတွေ့မှာ"

"ဘယ်လို ..."

သက်ဖွန့်ရဲ့ပုံသဏ္ဍာန်က အေးဆေးတည်ငြိမ်စွာနှင့် ...

"အဘိုးက ဒီအိမ်ကြီးမှာနေတာပဲ"

"ငါတို့သွားတွေ့တဲ့နေရာမှာနေတာ မဟုတ်ဘူးလား"

"ငါတို့သွားတွေ့တဲ့နေရာကို နင်ကဘယ်နေရာလို့ထင်လို့လဲ"

သက်ဖွန့်ရဲ့အမေးက အနည်းငယ်ဘူးဆန်းနေသလို ဖြစ်နေတာကြောင့် သီသီ ဘယ်လိုပြန်ဖြေရမှန်းမသိဖြစ်နေ၏။

"ငါမသိပါဘူး သက်ဖွန့်ရယ် ... အဲဒီနေရာက အရမ်းမှောင်ပြီး ကြောက်ဖို့ကောင်းတယ်"

"ငါပြောပြမယ် အဲဒီနေရာက ဒီမြို့က သင်္ချိုင်းနဲ့သင်္ချိုင်းစက်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

သီသီ ထိတ်လန့်စွာနှင့်လှဲနေရာမှ ထထိုင်လိုက်သည်။

"နင်ပြောတာ ငါနားမလည်ဘူး"

"နောက်တော့ နားလည်လာမှာပါ ကဲနင်အိပ်ချင်လည်းအိပ်တော့ ငါဒေါ်ကြာဖြူကို ပြောစရာရှိလို့ သွားလိုက်ဦးမယ်"

ပြောကာ အခန်းအပြင်ဘက်သို့ထွက်လို့သွားလေသည်။ သီသီရင်ထဲမှာတော့ နားမလည်မှုတွေများစွာနှင့် မယုံနိုင်လောက်အောင်ဖြစ်လို့နေ၏။

စိတ်အေးလက်အေးနှင့်အနားယူဖို့ ရည်ရွယ်ကာ ဒီအိမ်ကြီးသို့ လာခဲ့ပေမယ့် ဒီအိမ်ကြီးကလူတွေ၏ ထူးဆန်းတဲ့အပြုအမူတွေနှင့်အတူ ချောက်ချားခြောက်မက်ဖွယ်ကောင်းပုံတွေကြောင့် ဆက်လက်နေထိုင်လိုစိတ်လုံးဝပင်မရှိတော့။

သူ၏အရင်းနှီးဆုံးသူငယ်ချင်း သက်နှင်း၏အမူအရာကပင် တဖြည်းဖြည်းထူးဆန်းလို့နေသည်လေ။

"အူး ... အု ... အူး ..."

အဝေးကခွေးအူလိုက်သည့်အသံသဲ့သဲ့ကိုကြားလိုက်ရ၍ ပိုလို့ပင် ထိတ်လန့်တုန်လှုပ်သွားသည်။

ညဉ့်ကလည်း တဖြည်းဖြည်းနက်လာသောကြောင့် အအေးဓာတ်ကပိုလို့ပင်စိမ့်လို့လာ၏။

ခုတင်ပေါ်ပြန်လှဲလိုက်ပြီး နားနှစ်ဖက်ကိုလက်နှင့် ပိတ်ကာ အိပ်ပျော်ရန်ကြိုးစားလိုက်သည်။

ကြောက်စိတ်တို့လွှမ်းကဲနေတာကြောင့် ကောင်းကောင်းအိပ်လို့ မပျော်။

www.burmeseclassic.com

www.burmeseclassic.com



ရှေ့ဘာဖြစ်မလဲဟု ကြိုကာတွေးပူမိသည်။ ဒီအိမ်ကြီးမှာ ဆက်လက်နေလိုစိတ်မရှိတာကြောင့် သက်ဖွန့်ပြန်လိုက်သည်ဖြစ်စေ မလိုက်သည်ဖြစ်စေ ရန်ကုန်ကို အပြန်ဆုံးပြန်မည်ဟု ဆုံးဖြတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၃)

## ပြန်မယ့်သူ

ရုတ်တရက် သူ့ကိုပုတ်နှိုးလိုက်တာကြောင့် သီသီ အလန့်တကြား ခေါင်းထောင်ကာ ကြည့်လိုက်သည်။

"ရှင် ... ရှင် ဘယ်သူလဲ"

ကြောက်လန့်တကြားမေးလိုက်ပြီး ခုတင်ပေါ်က ထဖို့ကြိုးစား လိုက်သော်လည်း ခန္ဓာကိုယ်တစ်ခုလုံးကို တစ်စုံတစ်ယောက်က ချုပ်နှောင် ထားခြင်းကိုခံရသလို လှုံးဝလှုပ်လို့မရဖြစ်နေသည်။ အခန်းတံခါးပွင့်လာစဉ် တွေ့ရသည့် မည်းမည်းသဏ္ဌာန်ကြီးက သူ့မျက်နှာပေါ်ကမိုးကာ ငုံ့ကြည့် နေသည်။

"ထွက်သွား ... သွား ... မလာနဲ့"

အသံကုန်ဟစ်၍ လက်နှင့်ရမ်းကာ ကိုယ့်ကိုယ်ကိုယ်ပြန်ကွယ်ဖို့ ကြိုးစားလိုက်၏။ နဖူးပြင်တစ်ခုလုံးလည်း ချွေးတို့စို့လာသည်။

"သွား ... သွား ..."

---

www.burmeseclassic.com

www.burmeseclassic.com



အတင်းအော်ဟစ်နေသော်လည်း အဝေးသို့ထွက်သွားခြင်းမရှိဘဲ မည်းမည်းသဏ္ဌာန်ကြီးရဲ့ လက်တို့မြောက်တက်လာသည်။

"မ ... မလုပ်နဲ့ ... မလုပ်ပါနဲ့"

သူဘာယ်လိုပဲတားတားမရ။ တဖြည်းဖြည်းနှင့်သူ့ခန္ဓာကိုယ်ပေါ်သို့ မိုးကာ ဖိချလိုက်လေတော့သည်။

"အား"

ငယ်သံပါအောင်အော်ဟစ်သံနှင့်အတူ သူ့ခန္ဓာကိုယ်တစ်ခုလုံး လေထဲလွင့်ထွက်သွားသလို ခံစားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com

"သမီး ... သီသီ ..."

"... ..."

"သမီး ... သမီး ..."

"ဟင်"

သူ့ခန္ဓာကိုယ်ကို အဆက်မပြတ်လှုပ်နိုးနေသောအသံကြောင့် မျက်လုံးကိုဖွင့်ကြည့်လိုက်ရာ စိုးရိမ်သောအကြည့်တွေနှင့် ကြည့်နေသော ဒေါ်ကြာဖြူကို တွေ့လိုက်ရသည်။

"သမီး အိပ်မက်တွေမက်ပြီးယောင်နေလို့"

"အိမ် ... အိပ်မက် ဟုတ်လား"

မျက်လုံးကကြောင်တောင်တောင်ဖြစ်ပြီး စကားလုံးကိုတစ်လုံးချင်း မေးလိုက်၏။

"သမီးအသံကုန်ဟစ်အော်လို့ အဒေါ်အခန်းထဲဝင်လာတာ"

"သီသီ အိပ်မက်မက်တာမဟုတ်ဘူး"

"ရော့ ... ရေသောက်လိုက်နော်"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကြာဖြူ ကမ်းပေးသောရေခွက်ကိုယူ၍ တစ်ချိုက်မော့သောက်လိုက်မှ အမောအနည်းငယ်ပြေလျော့လို့သွားသည်။

"အဒေါ် ဒီအခန်းထဲမှာ မည်းမည်းနဲ့အရိပ်ကြီးရှိတယ်"

"မဖြစ်နိုင်ပါဘူး သမီးရယ် ... ကိုယ့်စိတ်ကိုငြိမ်အောင်ထား ဘာမှမတွေးနဲ့"

"သမီး တကယ်တွေ့တာ အရမ်းကြောက်ဖို့ကောင်းတာပဲ၊ အဲဒီအရိပ်မည်းကြီးကလေ သမီးအပေါ်ဖိချလိုက်တာ လေထဲလွင့်ထွက်သွားသလိုဖြစ်သွားတယ်"

စကားကို တောက်လျှောက်ပြောလေရာ ဒေါ်ကြာဖြူက သူ့ကိုကြင်နာစွာနှင့်ခေါင်းကိုပွတ်ကာ နှစ်သိမ့်ပေးသည်။

"သမီးတွေ့တာ တကယ်ပဲဖြစ်ဖြစ် အိပ်မက်ပဲဖြစ်ဖြစ် ဘာမှမဆန်းပါဘူး၊ အားလုံးဟာ အရိပ်တွေပါပဲ"

"ဘာ ... အဲဒီလို သမီးနားမလည်ဘူး"

"တစ်ချိန်ချိန်တော့ သမီးနားမလည်လာမှာပါ အခုတော့ အိပ်လိုက်ဦးနော်"

ဒေါ်ကြာဖြူက ခုတင်ပေါ်မှထကာ အခန်းအပြင်ဘက်သို့ထွက်ရန် ပြင်လိုက်စဉ် သီသီကလှမ်းပြီး ...

"အဒေါ် ... သက်ဖွန် ဘယ်သွားလဲဟင်"

"ဟင် ..."

ဒေါ်ကြာဖြူပုံက ဖြေချင်ပုံမရ သက်ပြင်းကိုချပြီး ခေါင်းကိုခါလိုက်၏။

"သမီး မအိပ်ခင်က အဒေါ်နဲ့စကားပြောမယ်ဆိုပြီး အခန်းအပြင်

www.burmeseclassic.com

www.burmeseclassic.com



ဘက်ထွက်သွားတာ''

''အဒေါ်ဆီမလာပါဘူး''

''အဒေါ်ဆီမလာရင် သူဘယ်သွားလဲဟင်''

''အပေါ်ထပ်က သူ့အဘိုးဆီသွားတာနေမှာပေါ့''

''ရှင်''

သီသီ အံ့သြစွာရေရွတ်လိုက်သည်။ သက်ဇွန်ရဲ့အဘိုးက ဘာလဲ၊ သူ့အတွက် အလွန်ဆန်းကြယ်သည့် ပုစ္ဆာတစ်ပုဒ်လို ဖြစ်နေသည်။

''အဒေါ်သွားတော့မယ်၊ သမီးကပြန်မယ့်သူဆိုတော့ ဒီအိမ်က အကြောင်းတွေမသိတာဘဲ ကောင်းပါတယ်''

ပြောပြောဆိုဆိုနှင့် အခန်းအပြင်သို့ထွက်သွားသဖြင့် သီသီလည်း ခုတင်ပေါ်တွင် ပက်လက်လှန်ကာကျန်ခဲ့တော့သည်။

သူ့ရဲ့မျက်လုံးထဲတွင် မည်းမည်းသဏ္ဍာန်အရိပ်ကြီးကိုမြင်ယောင်လို့နေ၏။

အခန်းထဲတွင် တစ်ယောက်တည်းဆိုတဲ့အသိကြောင့်လည်း ကိုယ့်စိတ်ကို ကိုယ်ချောက်ချားလို့နေသည်။ သူ့စိတ်ထဲတွင် တစ်စုံတစ်ယောက် အခန်းထဲတွင်ရှိနေသည်ဟု ထင်မိသည်။

စိတ်၌လည်း သိပ်မလုံ၊ ကိုယ့်ကိုကိုယ်အားတင်းပြီး မျက်လုံးမှိတ်ကြိုးစားတိုင်း မျက်လုံးထဲတွင်ပေါ်လာသည့် ပုံရိပ်ကြောင့် မျက်လုံးကို ချက်ချင်းပြန်ဖွင့်ထားရသည်။

''ဂီး''

ရုတ်တရက်ခေါင်းရင်းပြတင်းပေါက်မှ ငှက်ဆိုးတစ်ကောင်အော်မြည်ပြီး ဖြတ်သွားသည်ကိုကြားရသဖြင့် ချက်ချင်းထထိုင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကိုလည်း ဟိုဘက်ဒီဘက်လှည့်ကြည့်ပြီး တစ်ယောက်တည်းအခန်းထဲတွင် မနေရဲတော့သဖြင့် ခုတင်အောက်သို့ ဆင်းလိုက်၏။

"သက်ဖွန်နောက်လိုက်သွားတာပဲကောင်းတယ်"

တစ်ယောက်တည်း ရေရွတ်လိုက်ပြီး အခန်းအပြင်သို့ထွက်လာခဲ့သည်။

အပြင်ဘက် စင်္ကြံလမ်းတွင် မှိန်နိုဖျော့နေသော မီးရောင်ကြောင့် ဆောင်ဘက်တစ်ဖက်ဆီကို သဲကွဲစွာမမြင်ရပေမယ့် လမ်းသွားရုံလောက်တော့အဆင်ပြေသည်။

ဒေါ်ကြာဖြူကိုလည်းမတွေ့ရဘဲ ရှင်းလင်းနေသည့်လမ်းတစ်လျှောက် တစ်ယောက်တည်းအရဲစွန့်၍ လျှောက်လာခဲ့၏။

"အပေါ်ထပ်တက်တဲ့ လှေကားက ဘယ်နားမှာလည်းမသိဘူး"

တဖြည်းဖြည်းလျှောက်လာရင်း လမ်းချိုးတစ်ခုကိုတွေ့တာနှင့် ထိုလမ်းအတိုင်းဆက်လျှောက်လာသည်။ တချို့အခန်းတို့မှာ မှန်များကာထားပြီး အခန်းအတွင်းဘက်ကို မြင်နေရ၏။

များသောအားဖြင့် အခန်းလွတ်များသာဖြစ်သည်။

လမ်းဆုံးသွားသောအခါ အပေါ်ထပ်သို့တက်သည့်လှေကားကို တွေ့ရသဖြင့် ထိုလှေကားအတိုင်း အပေါ်ထပ်ဆီသို့တက်လာခဲ့သည်။

"ရှမ် ... ရှပ် ... ရှပ် ... "

သူတက်လာသည့်လှေကားအောက်ဘက်ဆီမှ သူ့လိုပင်အပေါ်ထပ်သို့တက်လာသည့်အသံကြားရသဖြင့် နောက်သို့လှည့်ကြည့်လိုက်၏။

"ဟင်"

www.burmeseclassic.com

www.burmeseclassic.com



ခြေသံက ရုတ်တရက်ရပ်သွားပြီး တစ်စုံတစ်ယောက်မှကို တွေ့ရှိခြင်းမရှိ။

"ငါ့စိတ်က ထင်တာများလား"

တွေးပြီး အပေါ်ထပ်သို့ဆက်တက်ခဲ့ရာ ခြေသံတို့ကကြားလို့နေဆဲပင်။

"ရှပ် ... ရှပ် ... ရှပ် ..."

လှေကားကလည်းမဆုံးနိုင်။ ကြောင်လိမ်လှေကားဖြစ်တာကြောင့် တက်ရတာကြာတာလည်း ဖြစ်နိုင်သည်။

"ငါအပေါ်တက်ခဲ့တာ များများသွားလား များမယ်မထင်ပါဘူး။ သက်ဇွန်နောက်လိုက်ခဲ့တာပဲ"

အပေါ်ထပ်ရောက်လာတော့ ခန်းနားထည်ဝါသည့်ပြင်ဆင်မှုများမှာ သက်ဇွန်တို့၏ ကြွယ်ဝချမ်းသာမှုကို ပြသနေသလိုပင်ဖြစ်သည်။ အဖိုးတန်ကော်ဇောကြီးများ အခန်းနံရံတွင် ချိတ်ဆွဲထားသော ပန်းချီကားများ ရောင်စုံမီးဆိုင်းတို့ကြောင့်လည်း အပေါ်ထပ်ညှ့်ခန်းကြီး၏ ခမ်းနားမှုကို ပိုရှိတောက်ပစေသည်။

သီသီသေချာကြည့်တော့ ပန်းချီကားတို့မှာ ဆေးရောင်မှိုင်းမှိုင်းနှင့် သွေးပျက်ဖွယ် မြင်ကွင်းတို့ကို ရေးဆွဲထားသည်။

သီသီ ကြာကြာမကြည့်ရဲ။

"ဝေါ"

လေပြင်းတိုက်သည်။ အသံက ရုတ်တရက်ထွက်လာသဖြင့် ကိုယ်ကိုတစ်ပတ်ပတ်ကာ လိုက်ကြည့်သော်လည်း ထွက်လာသည့်အသံက ဘယ်နေရာကလာမှန်းဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှပ် ... ရှပ် ... ရှပ် ..."

ခြေသံတစ်ခုကို ပီပီပြင်ပြင်ကြားလိုက်ရပြန်သည်။ နံရံတစ်ခုကို ကျောမှီလိုက်ရင်း ထိတ်လန့်စွာနှင့် ဘယ်သူရောက်လာမလဲဟူသောအတွေးနှင့်ကြည့်လိုက်၏။

"ရှပ် ... ရှပ် ... ရှပ် ..."

"ရှပ် ... ရှပ် ... ရှပ် ..."

ခြေသံက နီးသထက်နီးလို့လာသည်။ ခြေသံရှင်ကိုတော့ ပီပီပြင်ပြင်မမြင်ရသေး။

"ရှပ် ... ရှပ် ... ရှပ် ..."

ခြေသံကပိုပြင်းလာသလို အသံတစ်သံထွက်လို့လာသည်။

"မင်း ဘယ်သူလဲ"

"ရှင်"

ဘယ်ကထွက်လာသည့်အသံမှန်းမသိတာကြောင့် ဘယ်လိုဖြေရမှန်းမသိဖြစ်နေသည်။

"မေးနေတယ်လေ မင်းဘယ်သူလဲ"

"ဟို ... ဟို ကျွန်မ သက်ဖွန်သူငယ်ချင်းပါ"

"ဟား ... ဟား ... ဟား ..."

ရယ်မောသံကြီးက အခန်းတစ်ခန်းလုံးဟိန်းထွက်လို့လာသည်။ သီသီလည်း အသားတို့က တဆတ်ဆတ်တုန်လို့နေသည်။

"သက်ဖွန်သူငယ်ချင်း ဟုတ်လား နာမည်ဘယ်သူလဲ"

"သီသီပါ"

"ဟား ... ဟား ... ဟား"

www.burmeseclassic.com

www.burmeseclassic.com



ထပ်မံ၍ကြောက်စရာကောင်းလောက်အောင် ရယ်မောနေပြန်သည်။ သီသီက အရဲစွန့်၍ ...

"သက်ဖွန့် အပေါ်ထပ်တက်လာတယ်ဆိုလို့"

ပြောလိုက်ရာ ...

"မင်းနဲ့သက်ဖွန့်က သူငယ်ချင်းဆိုတော့ မင်းသက်ဖွန့်အကြောင်း ဘာသိလဲ"

"ဘာသိရမှာလဲ၊ သူက ကျွန်မသူငယ်ချင်း"

"ဟား ... ဟား ... ဟား"

ရယ်သံထွက်လာပြီး အသံသာကြားနေရသည်။ လူကိုလုံးဝမြင်တွေ့ရခြင်းမရှိသေးသဖြင့် အသံထွက်ပေါ်ရာကိုမှန်းကာ သီသီလိုက်ရှာကြည့်သော်လည်း ဘာကိုမှမတွေ့ရ။

"မင်းသိအောင်ပြောမယ်၊ မင်းသူငယ်ချင်း သက်ဖွန့်က မရှိတော့ဘူး"

"ရှင် ..."

ထိတ်လန့်တုန်လှုပ်အံ့သြခြင်းတို့နှင့်အတူ အသက်ရှူဖို့ပင်မေ့မတတ်ဖြစ်သွားသောကြောင့် ကိုယ့်ကိုယ်ကိုယ် မလဲပြိုဖို့ကို ကြိုးစားလိုက်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၄)

သီသီစိတ်ကို အတတ်နိုင်ဆုံးတင်းလို့ထားပြီး ခန္ဓာကိုယ်ထဲမှာရှိသည့်အားတို့ကို စုစည်းလိုက်သည်။

"ကျွန်မ မယုံဘူး။ ခုနက အခန်းထဲမှာ သက်ဖွန့်နဲ့ကျွန်မ စကားပြောနေသေးတယ်"

"မင်းကိုယ်တိုင်ကလည်း ဘယ်သူလဲ၊ ကိုယ့်ကိုယ်ကိုယ်သိရဲ့လား"

"ကျွန်မ သီသီလေ ဘာဖြစ်လို့လဲ"

သီသီက အရဲစွန့်၍ ခပ်မာမာ ပြန်မေးလိုက်ရာ ...

"ဟား ... ဟား ...ဟား ..."

ရယ်သံက အဆက်မပြတ်ထွက်ပေါ်လာပြန်သည်။ သီသီက အသံကုန်ဟစ်ကာ ...

"မရယ်နဲ့ ....မရယ်နဲ့"

ထိုစဉ် အေးစက်စက်လေသံဖြင့် ...

www.burmeseclassic.com

www.burmeseclassic.com



"မင်းပြောတာ သဘောကျလို့ပါ ...ကဲ ...အောက်ထပ်ပြန်ဆင်း ...မင်းဘယ်သူလဲ သိရအောင် ဒေါ်ကြာဖြူဆီမှာ မှန်တောင်းပြီး ကြည့်လိုက်"

ပြောကာ အသံကပျောက်လို့သွားသည်။ သီသီလည်း နောက်ထပ်အခြေအနေထူးလာမလားဟုတွေးပြီး စောင့်ကြည့်သော်လည်း ဘာတစ်ခုမှ ထူးခြားလာခြင်းမရှိတာကြောင့် လှေကားအတိုင်း အောက်ထပ်သို့ ပြန်ဆင်းလာခဲ့သည်။

လှေကားအခြေတွင် ဒေါ်ကြာဖြူက သူ့ကိုအဆင်သင့်စောင့်နေတာကို တွေ့ရ၍ ပြေးဖက်လိုက်သည်။

ဒေါ်ကြာဖြူက အလိုက်သင့်ပင် သူ့ကိုပြန်ဖက်ပြီး ...

"လာသမီး ...ညှိခန်းထဲကို လိုက်ခဲ့"

"အဒေါ် ...သမီး အရမ်းကြောက်တာပဲ"

"လာပါ သမီးရယ် ...ဒါတွေအားလုံး မကြာခင်ပြီးတော့မှာပါ"

ပြော၍ သူ့လက်မောင်းကို ကြင်နာစွာကိုင်ပြီး အိမ်ရှေ့ညှိခန်းဆီသို့ ခေါ်ဆောင်လာခဲ့သည်။

ညှိခန်းဆိုဖာခုံတွင် ထိုင်လိုက်ကြပြီး ဒေါ်ကြာဖြူက ...

"သမီး ...သိပ်ဝမ်းနည်းနေလား"

"ဟင့် ...ဟင့်"

သီသီက ရှိုက်ငိုရင်း မျက်ရည်တို့ တွေတွေစီးကျလို့လာသည်။

"သမီး ဒီကို သက်ဖွန်နဲ့လာတာ အပန်းဖြေသဘောမို့ ခုတော့ ဘာတွေဘယ်လိုဖြစ်ကုန်တာလဲ"

www.burmeseclassic.com



"သမီး သေချာစဉ်းစား ... သမီးတို့နှစ်ယောက်အပြင် နောက်ထပ်တစ်ယောက်ပါသေးတယ်"

သီသီ သေချာစဉ်းစားလိုက်သည်။ တဖြည်းဖြည်းနှင့် သူ့အာရုံမှာ ပုံရိပ်တစ်ခု ပြတ်သားစွာ ပေါ်လာသည်။

"ရ ... ရတီ ... ရတီမိုး"

"ဟုတ်တယ် ... သမီး အားလုံးသုံးယောက်ထွက်လာကြတာ မလား"

"ဟုတ်တယ်အဒေါ် ... ရတီမိုး ပါမလာဘူး ... ဘယ်မှာကျန်ခဲ့တာပါလိမ့်"

ဒေါ်ကြာဖြူက သီသီ့မျက်နှာကို သေချာစိုက်ကြည့်ပြီး ...

" ရတီမိုးက ဒီမှာလေ"

"ရှင် ... မဟုတ်ဘူးအဒေါ် ... သမီးက သီသီလေ ... ရတီမိုး မဟုတ်ဘူး"

"သမီးက ဘာလို့ လူသေဖြစ်ချင်ရတာလဲ ရတီမိုးက သေနေပြီ သီသီကမသေသေးဘူး"

ဒေါ်ကြာဖြူရဲ့စကားကို သီသီ ဘယ်လိုမှ နားမလည်တော့။ ခေါင်းထဲမှာလည်း ရှုပ်ထွေးနောက်ကျိလို့နေသည်။

"သမီး ဘာမှမသိတော့ပါဘူး၊ ဘယ်လိုမှလည်း နားမလည်နိုင်တော့ဘူး"

"ကဲ ... သမီးနားလည်အောင် အဒေါ်ပြမယ် ... လာ လိုက်ခဲ့"

ဒေါ်ကြာဖြူက ထိုင်ခုံမှထကာ သီသီ့ကို အသာအယာဆွဲမထူပြီး



www.burmeseclassic.com

www.burmeseclassic.com



ညည့်ခန်းဘေးက ကျောက်တုံးကြီးကို ထွင်းထုထားသည်။ လွှန်စွာသေသပ်
လှပသောအခန်းဆီသို့ ဒေါ်ကြာဖြူက သီသီကို ခေါ်လာခဲ့လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၅)
## ဘာဝကူးတဲ့သူ

"လာ ... ဒီအခန်းထဲ ဝင်ကြမယ်"

အခန်းတစ်ခန်းလုံး မှန်အမဲရောင်များကကာရံထားပြီး အလွန်ကျယ်ဝန်းလှသလို သဘာဝကျောက်သားစစ်တို့ဖြင့် မွမ်းမံထားသောကြောင့် တစ်ခန်းလုံး အေးစိမ့်လို့နေ၏။

"အခန်းထဲမှာ ဘာလုပ်မလို့လည်းဟင်"

"လာပါ သမီး ... သမီး ဖြန်ရတော့မယ်"

ဒေါ်ကြာဖြူ လက်ကိုတင်းတင်းဆုပ်ကိုင်ပြီး မှန်တံခါးကိုတွန်း၍ အခန်းထဲသို့ဝင်လာခဲ့သည်။

ကျောက်ခုတင်များစီချထားပြီး အပေါ်တွင် စောင်အဖြူများကို ခင်းထားသဖြင့် အလောင်းများထားသည့်အခန်းမှန်း သိသိသိလိုက်သည်။

တချို့ ကျောက်ခုတင်များပေါ်တွင် အလောင်းများမရှိဘဲ ခွင်းတိတိတိနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကြာဖြူက —

"အာ — သမီး ဒီကျောက်ခုတင်ပေါ် လှဲလိုက်"

"ရှင်"

"လှဲလိုက်ပါ သမီးဘေးက ခုတင်မှာ ဘယ်သူလဲကြည့်လိုက်ဦး"

"ဟင်"

အလျားရှည် ကျောက်ခုတင်ဘေးတွင် သက်ဖွန့်က လှဲလျောင်းလို့နေသည်။ လုံးဝလှုပ်ရှားခြင်းမရှိသလို မျက်နှာကလည်း ဖြူဖတ်ဖြူရော် ဖြစ်လို့နေသည်။

"အဒေါ် ... သက်ဖွန့် ..."

"သမီးလှဲမယ့်သာလှဲလိုက် — သက်ဖွန့် ဘာလဲဆိုတာ သမီးကို အဒေါ်ပြောပြထားတယ်လေ"

"သက်ဖွန့်ကိုရော လူ့ဘဝပြန်ပို့လို့မရတော့ဘူးလားဟင်"

"သက်ဖွန့်နဲ့ ရဝီကသေပြီးပြီ၊ လှဲလိုက် အချိန်ရောက်တော့မယ်"

သီသီကြောက်ကြောက်နှင့် ခုတင်ပေါ်လှဲချလိုက်ရင်း ခန္ဓာကိုယ်ကို ငြိမ်သက်လို့ထားလိုက်သည်။

ထိုအချိန်တွင် ...

"ဝေါ"

လေပြင်းတိုက်သည့်အသံနက်ကြီးနှင့်အတူ တစ်ခန်းလုံးအပြာရောင် မီးရောင်မှိန်မှိန်တို့ လင်းလာသည်။

မျက်လုံးကိုအသာမှိတ်ပြီး စိတ်ကိုအတည်ငြိမ်ဆုံးဖြစ်အောင် ထားလိုက်၏။ ဘေးနားတွင် အေးခနဲ အေးခနဲနှင့်တစ်စုံတစ်ယောက်ဖြတ်



www.burmeseclassic.com

www.burmeseclassic.com



ဆွဲချက်နေသလို အသံကိုကြားလိုက်ရသည်။

"ဟေး ... ဝူး ... ဟေး"

တိုင်ကပ်နာရီသံကြီး၏ ဆယ့်နှစ်ချက်တိတိထိုးသံထွက်ပေါ်လာ

ရာ သူ့ခန္ဓာကိုယ်ကို အပြင်းထန်ဆုံး ဖျစ်ညှစ်သံကိုကြားလိုက်ရသဖြင့်

ထွန့်စွာ မွန်းကျပ်လို့လာသည်။

"အား ... အား ..."

အပြင်းထန်ဆုံးလွှင့်ထွက်လို့လာတဲ့အသံက နောက်ဆုံးညှစ်ထုတ်

လိုက်သည့် အားတစ်ခုလိုဖြစ်သွားသည်။

သူတဖြည်းဖြည်းမောဟိုက်လို့လာကာ နောက်ဆုံးတော့ လုံးဝ

သတိလစ်လို့သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၆)

## ရောက်ခဲ့တဲ့နေရာ

အခန်းမျက်နှာကျက်ဖြူဖြူဖွေးဖွေးကို တွေ့လိုက်ရပြီးနောက် နာခေါင်း၌တပ်ထားသော ပိုက်တို့ကြောင့် ခန္ဓာကိုယ်ကို မလှုပ်ရဲ၊ မျက်လုံးကို အသာအယာဖွင့်ထားတာတောင် ခေါင်းကမူးချင်နေသည်။

လက်ကိုအနည်းငယ်လှုပ်ကြည့်လိုက်သည်၊ လှုပ်လို့ရှိသာရှိသည်၊ တစ်ခါ မျက်လုံးကိုပြန်ပိတ်ထားလိုက်၏။

"ကို ... သမီးလေး ဘာမှမဖြစ်ပါဘူးနော်"

"စိတ်ကိုငြိမ်ငြိမ်ထားစမ်း သီတာ ... ဆရာဝန်ကြီးတွေလည်း ဂရုတစိုက်ကုပေးနေတယ်မလား"

ဖေဖေနဲ့မေမေတို့ရဲ့ စကားသံတွေကို ကြားနေရသည်။ သူ ဘာဖြစ်လို့ ဆေးရုံရောက်နေတာလဲ စိတ်ထဲ၌ စဉ်းစားလိုက်ရာ ခေါင်းထဲ မူးနေသဖြင့် ...

"အင်း ... အင်း ... "

www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ကို သမီးလေး သတိရလာပြီ"

အားရဝမ်းသာနှင့်ပြောသည့် မေမေ့အသံကိုကြားလိုက်ရသည်။ ဖေဖေက ...

"နေဦး ... ဆရာဝန်ကြီးသွားခေါ်လိုက်ဦးမယ်၊ အရမ်းလျှောက်မလုပ်နဲ့နော် သမီးတစ်ခုခုဖြစ်သွားဦးမယ်"

"အင်းပါ"

မေမေက အနားသို့လာပြီး ဆံပင်လေးကိုလက်နဲ့ပွတ်ပေးရင်း

"မေမေတို့စိတ်အရမ်းပူနေတာ သမီးသတိလစ်နေတာ နှစ်ရက်တောင်ရှိပြီ"

"ရေ ... ရေသောက်ချင်တယ်"

"ဩော် ... အေး အေးရမယ် မေမေသွားခပ်လိုက်ဦးမယ်"

ဒေါ်သီတာက သောက်ရေခပ်ရန် ထထွက်လာစဉ် အခန်းထဲသို့ ဆရာဝန်ကြီးနှင့် သီသီဖေဖေ ဦးစိုးထွေး ဝင်လာသည်။

"ဘာလုပ်မလို့လဲ ဒေါ်သီတာ"

"သမီးလေးက ရေတောင်းလို့တိုက်မလို့"

"ဟာ၊ အခုမှသတိရတာ မတိုက်နဲ့ဦး ကျွန်တော်ကြည့်လိုက်ဦးမယ်"

"ဟုတ်ကဲ့"

ဆရာဝန်ကြီးက သီသီအနားသို့လာပြီး စမ်းသပ်မှုများကို လာပေးသည်။ သူနှင့်အတူပါလာသော နပ်(စ်)မလေးအား ...

"လူနာက သတိရစဆိုတော့ ဆရာမအနားမှာနေပြီး သေချာဂရုစိုက်ပေးပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ … ဒေါက်တာ"

"အခြေအနေကတော့ အားလုံးကောင်းသွားပါပြီ ရုတ်တရက် ဆေးတိုက်ပိုင်းလိုက်မလုပ်ပါနဲ့ အောက်စီဂျင်ပိုက်နဲ့ ဆေးပိုက်တွေ ဖြုတ်လို့ရပါပြီ"

"ဟုတ်ကဲ့"

ဆရာဝန်ကြီးက လိုအပ်တာများကိုညွှန်ကြားပြီး အခန်းထဲက ပြန်ထွက်သွားသည်။

"သမီး … သက်သာတယ်မလား"

"ခေါင်းနည်းနည်းမူးနေသေးတယ် ဖေဖေ"

"ကောင်းသွားမှာပါ ဆရာဝန်ကြီးတွေနဲ့ ဒီကဆရာမက သမီးကို သေချာဂရုစိုက်ကုသပေးနေတာလေ"

သီသီ နပ်(စ်)မလေးရဲ့မျက်နှာကို ကျေးဇူးတင်စွာနဲ့ ကြည့်လိုက်သည်။ အသားအရည်ဖြူဝင်းကာ လွန်စွာအေးချမ်းသည့် အလုပိုင်ရှင် ဆရာမလေးက သူ့ကိုပြုံးပြသည်။

"လိုအပ်တာအားလုံး ယမုံလုပ်ပေးပါ့မယ် ဘာမှစိတ်ပူစရာလည်း မရှိတော့ပါဘူး"

"ဆ … ဆရာမ နာမည်က"

"ပန်းယမုံပါ"

"ရှင် … "

သီသီ အံ့ဩလွန်း၍ ဘာစကားဆက်ပြောရမှန်းမသိဖြစ်နေသည်။ ဒါကိုရိပ်မိတဲ့ နပ်(စ်)မလေးက …

"ဘာလို့လဲဟင် … ပန်းယမုံကိုသိလို့လား"

www.burmeseclassic.com

www.burmeseclassic.com



"ပန်း ... ပန်းလေ ..."

"ယမုံက ဒီဆေးရုံရောက်တာမကြာသေးပါဘူး ... စိတ်ထဲ သိပ်ရှုပ်နေရင် စကားတွေအများကြီးမပြောနဲ့ဦးနော်"

"အင်း"

ခေါင်းကိုအသာအယာညိတ်ကာ မျက်လုံးကို ပိတ်ထားလိုက်သည်။ ဖေဖေနဲ့မေမေကတော့ ဝမ်းသာအားရနှင့်ဖြစ်နေသည်။

"သမီးလေး အခုလို နေပြန်ကောင်းတာ ဘုရားသခင်ရဲ့ကျေးဇူးကြောင့်ပဲ ဟုတ်တယ်မဟုတ်လား ကို"

"ဟုတ်တာပေါ့ကွ ... ဆရာမ သမီးလေးအတွက် လိုအပ်တာ အကုန်ပြောနော် ဘာမှအားမနာပါနဲ့"

"ဘာမှတော့ မလိုတော့ပါဘူး လူနာစိတ်ချမ်းသာဖို့ပဲလိုပါ တယ်"

ဒေါ်သီတာက နပ်(စ်)မလေးအား ...

"အဲဒီအတွက်တော့ မပူနဲ့ဆရာမလေးရေ သမီးက အရမ်း ထိမ်ခွာတာ မိဘမကြိုက်တာ ဘာမှလုပ်ခဲ့တာမဟုတ်ဘူး ... အခုတောင် သူ့သူငယ်ချင်းနှစ်ယောက်နဲ့ ရှမ်းပြည်နယ်ဘက်သွားဖို့အလုပ် ရန်ကုန် အထွက်မှာ ကားမှောက်တာလေ ...

သူ့သူငယ်ချင်းနှစ်ယောက်က ကံဆိုးတယ် ပွဲချင်းပြီးဆုံးသွား တယ်လေ"

သီသိ မေမေ့စကားသံကိုကြားတော့ ရုတ်တရက်ထထိုင်လိုက် သည်။ ပန်းယမုံက ...

"ရုတ်တရက် ချက်ချင်းကြီးမထနဲ့လေ"



www.burmeseclassic.com

www.burmeseclassic.com



"မေမေ ပြောသလို သက်ဖွန်တို့ ရတီတို့မသေဘူးသူတို့ရှိတယ်"

"သမီး သတိထားလေ ဆရာမ လုပ်ပါဦး"

"စိတ်အေးအေးထားပါ မမ ... ပြန်လှဲလိုက်နော်"

"သမီးတကယ်ပြောတာ သမီး သက်ဖွန်တို့အဘိုးနေတဲ့ တိုက်ကြီးကိုရောက်ခဲ့တယ်"

"ဟင်"

"ဟာ"

သီသီ ဖေဖေနှင့်မေမေက အံ့သြစွာနှင့် သူတို့သမီးကိုကြည့်လိုက်ကြသည်။ ဆရာမလေး ပန်းယမုံက ...

မမလှဲလိုက်ပါနော် ... ပြီးမှ အေးအေးဆေးဆေးပြောပြ"

"မမ ... ပန်းယမုံကိုလည်းသိတယ် သက်ဖွန်တို့အဘိုးရဲ့မွေးစားသမီးမလား"

"ဟင်"

အခုတစ်ခါ အံ့သြသွားတာက ပန်းယမုံဖြစ်သည်။ သီသီကို အသာအယာဖေးမပြီး အိပ်ရာပေါ်တွင် ပြန်လှဲခိုင်းသည်။ ဒေါ်သီတာက ပန်းယမုံနားတိုးတိုးကပ်ပြီး ...

"ဆရာမ ကျွန်မသမီးလေး ဦးနှောက်မှ မှန်သေးရဲ့လားမသိဘူး။ လုပ်ပါဦး"

"အခြေအနေကတော့ စောင့်ကြည့်ရဦးမယ်ထင်တယ်၊ အအေး စိတ်မပူပါနဲ့ သူ့အားလုံးကိုမှတ်မိနေတာပဲ ဆိုးဆိုးရွားရွားဖြစ်မယ်မထင်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



ပန်းယမုံက သီသီအနားသို့သွားထိုင်၍ ...

"မမ ခေါင်းထဲမှာ ဘယ်လိုခံစားရလဲ"

"ဘာကိုပြောတာလဲ"

"မူးတာတို့ ကိုက်တာတို့ မိုက်ခနဲဖြစ်တာတို့ကိုပြောတာ"

"ဟင့်အင်း ဘာမှမဖြစ်ပါဘူး"

ပန်းယမုံနားလည်ရခက်လို့သွားသည်။ သီသီမှာက ဘာမှ ထူးခြားသည့်ပုံမရ။

"မမတို့ ကားမှောက်တာ သိတယ်မလား"

"အင်း ... သိတယ်၊ ဒါပေမဲ့ မမနဲ့သက်ဖွန် ရှမ်းပြည်နယ်က သက်ဖွန်အဘိုးတို့ဆီရောက်ခဲ့တယ်၊ အဲဒီက မြို့ထဲလည်းရောက်ခဲ့တယ်"

"မမ ကားမှောက်ပြီးပြီးချင်း ဒီဆေးရုံရောက်နေတာ"

"မမ တကယ်ရောက်သွားတယ်ဆိုတာ ပန်းယမုံ မယုံလို့လား"

သီသီအမေးကို ပန်းယမုံ ဘယ်လိုဖြေရမှန်းမသိဖြစ်နေသည်။

"မမစိတ်တွေ သိပ်ရှုပ်ထွေးနေတယ်ထင်တယ်"

"ဟင့်အင်း မရှုပ်ထွေးဘူး အဲဒီတိုက်ကြီးက ဒေါ်ကြာဖြူဆိုတဲ့ အဒေါ်ကြီးက အရမ်းကြင်နာတတ်တာပဲ ပြီးတော့ စိုင်းအောင် ... "

"ရှင်"

"ဘာလဲ ပန်းယမုံ အံ့ဩသွားတာလား၊ ဘာအံ့ဩစရာရှိလဲ မမ အဲဒီကိုတကယ်ရောက်သွားတာ သက်ဖွန်လည်း အဲဒီတိုက်ကြီးမှာ ယောင်ယောင်ကနေခဲ့တာပဲမလား"

တိုက်ဆိုင်မှုလို့ပြောရတာထက်ပင် ထူးဆန်းနေပြန်သည်။ သို့ သော်ငြားက ...

www.burmeseclassic.com

www.burmeseclassic.com



"သက်ဖွန်ပြောပြခဲ့တဲ့အကြောင်းတွေကို ဆရာမလေးကို သမီး ပြောပြနေတာလား"

"မဟုတ်ဘူး ဖေဖေ ... သမီးတကယ်ရောက်ခဲ့တာ"

"သမီးတို့ ရှမ်းပြည်နယ်က အင်းလေးဘက်သွားမှာလေ သက်ဖွန် တို့ အဘိုးနေတဲ့ မြို့ကိုသွားတာမှ မဟုတ်တာ"

စိတ်ကိုတစ်မျိုးပြောင်းစေရန် သီသီ့ဖေဖေ ဦးစိုးထွေးက လှည့် ပြောရာ သီသီက ...

"သမီးတကယ်ရောက်ခဲ့တာပါ၊ အဲဒီတိုက်ကြီးကလေ ရှေးဟောင်း ရဲတိုက်ကြီးလိုပဲ သံလွင်ကမ်းနဖူးက တောင်ကုန်းအမြင့်မှာဆောက်ထား တာ"

အဆက်မပြတ်ပြောနေတဲ့ သီသီရဲ့စကားတွေကို ပန်းယမုံက ပါးစပ်အဟောင်းသားနှင့် နားထောင်လို့နေသည်။ နောက်တော့ မျက်ရည် တွေဝိုင်းသာကာ မျက်ရည်တို့က ပါးပေါ်စီးကျလို့လာသည်။

"ဟင် ... ပန်းယမုံ ဘာလို့ငိုတာလဲဟင်"

"မမပြောတာတွေက အကုန်အမှန်တွေပါပဲ၊ ဒါပေမဲ့ အဲဒီမြို့ လေးနဲ့အဘိုးရဲ့ ရဲတိုက်ကြီးက လွန်ခဲ့တဲ့သုံးနှစ်လောက်တည်းက မရှိတော့ ပါဘူး"

"ဘာလို့လဲ"

သီသီဖေဖေက ဝင်မေးလိုက်ရာ ပန်းယမုံက ...

"သောင်းကျန်းသူတွေ ဝင်တိုက်လို့ မြို့လည်းပျောက်သွားလို့ အဘိုးရဲ့ ရဲတိုက်ကြီးကိုလည်း ဖုံးခွဲပစ်လိုက်တယ်"

"ဟင် ... မမ ရောက်တာက ... "



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပါပဲ လောကမှာဆန်းကြယ်မှုတွေ အများကြီးပါပဲ"

ပြောကာ တစ်ခန်းလုံးတိတ်ဆိတ်လို့သွားတော့သည်။ အားလုံးကတော့ အတွေးကိုယ်စီနှင့်ငြိမ်သက်လို့နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၇)

## နှုတ်ဆက်ချင်သူ

ဆရာဝန်ကြီးက သူ့ရုံးခန်းထဲသို့ သီသီဖေဖေ ဦးစိုးထွေးနှင့် မေမေ ဒေါ်သီတာတို့ကိုခေါ်၍ တွေ့ဆုံသည်။

"လူနာက သူ့စိတ်စွဲလမ်းပြီး ဖြစ်ပျက်ခဲ့တာကို တကယ်အဟုတ် လို့ထင်နေတယ် ကားမမှောက်ခင် သူတို့သွားမယ့်ခရီးအတွက် ကြိုတင် တွေးစမှုတွေကြောင့် တကယ်ရောက်ခဲ့သလိုလို ထင်နေတယ် ... အဲဒီရဲ့ နောက်ဆက်တွဲဖြစ်လာတတ်တဲ့ စိတ်အစွဲကိုတော့ ကျွန်တော်တို့ စောင့် ကြည့်ရမယ်၊ တိုက်ဆိုင်တာက သူ့စိတ်ကဖြစ်ပေါ်လာတာတွေဟာ တစ်ချိန် က တကယ်ဖြစ်ခဲ့တာပဲ အနီးစပ်ဆုံးသက်သေက ကျွန်တော်တို့ဆီက ဆရာမ ပန်းယမုံပဲ"

"ကျွန်တော်တို့ ဘာဆက်လုပ်ရမလဲ ဒေါက်တာ"

"အခြေအနေစောင့်ကြည့်ရမှာပေါ့ လိုအပ်ရင် စိတ်ကျန်းမာရေး ဆေးရုံမှာပြပြီးကုရမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်တာ ကောင်းသလိုစီစဉ်ပါ"

ဒေါ်သီတာကတော့ ဝမ်းနည်းသည့်လေသံနှင့် ...

"ကျွန်မ သမီးလေး စိတ်မဖောက်ပြန်နိုင်ပါဘူးနော်"

"အခုထိက ပြဿနာမရှိသေးပါဘူး၊ နောက်ဖြစ်လာနိုင်တဲ့ အကျိုးဆက်ကိုကြိုပြီး သတိပေးထားတာပါ"

"ဟုတ်ကဲ့ ... ဒေါက်တာ"

ဆရာဝန်ကြီးရုံးခန်းက ပြန်ထွက်လာတော့ ဦးစိုးထွေးက ဒေါ်သီတာအား ...

"ဒီနေ့ ရတီနဲ့သက်ဖွန်တို့ကို သကြိုဟ်မယ့်နေ့လေ ကိုသွားပို့လိုက်မယ် ... မင်းသမီးနားမှာပဲနေခဲ့"

"အင်း"

ဒေါ်သီတာက ခေါင်းညိတ်ပြလိုက်သည်။ သီသီအခန်းထဲရောက်တော့ သီသီက လန်းလန်းဆန်းဆန်းနှင့်ဖြစ်လို့နေသည်။

"သမီး နေကောင်းတယ်မလား"

"ကောင်းတယ်မေမေ၊ ဆရာဝန်ကြီးက ဘယ်တော့ဆင်းရမယ်လို့ပြောလဲ"

"ဆင်းရတော့မှာပါ သမီးရဲ့ သမီးနေကောင်းအောင် စောင့်ကြည့်ဦးမယ်လို့တော့ပြောတယ်"

"သမီး ရတီနဲ့သက်ဖွန်အလောင်းကို ကြည့်ချင်တယ်"

"ဟင်"

သီသီစကားကြောင့် ဦးစိုးထွေးနှင့်ဒေါ်သီတာ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။ ဦးစိုးထွေးက –



www.burmeseclassic.com

www.burmeseclassic.com



"သမီးက နေသိပ်ကောင်းသေးတာမှ မဟုတ်တာ၊ မကြည့်နဲ့ တော့နော် သေတဲ့လူတွေလည်း သေသွားကြပြီပဲ"

"ဟင့်အင်း … သမီးကြည့်ချင်တယ်၊ သမီး ရတီကို နှုတ်ဆက်ချင် တယ် သမီးကိုခွင့်ပြုပါ"

"ဟင်း"

ဦးစိုးထွေးရော ဒေါ်သီတာပါ သက်ပြင်းကိုယ်စီချလိုက်ကြသည်။

"ကဲ … သမီး ဆန္ဒသိပ်ပြင်းပြနေရင် ဖေဖေ ဆရာဝန်ကြီးကို သွားခွင့်တောင်းလိုက်ပါ့မယ်"

"ခွင့်ပြုပါ့မလား"

ဒေါ်သီတာဝင်ပြောရာ ဦးစိုးထွေးက

"ပြောကြည့်ရမှာပေါ့ သမီးလည်း သူ့သူငယ်ချင်းတွေကို နှုတ် ဆက်ချင်ရှာမှာပေါ့"

ပြော၍ အခန်းအပြင်ဘက်သို့ထွက်သွားသည်။ ဒေါ်သီတာက သီသီအနားလာထိုင်၍ …

"သမီး ဆရာဝန်ကြီးကခွင့်ပြုလို့ ရတီတို့သက်ဇွန်တို့ကို သွား နှုတ်ဆက်ရင် ကိုယ့်စိတ်ကိုငြိမ်အောင်ထိန်းနော်"

"ဟုတ်ကဲ့ပါ"

"ငါ့သမီးလေးက ကံကောင်းပါတယ် သူတို့နှစ်ယောက်ကပွဲချင်း ပြီးခဲ့ရှာတယ်"

သီသီက စဉ်းစဉ်းစားစားပုံစံဖြင့် …

"ခုမှသတိရတယ် ကားမှောက်တော့ ရတီက သမီးကိုသူ့ခန္ဓာ ကိုယ်နဲ့လုံးပြီးကာကွယ်ပေးတာ သမီးအစားသူသေသွားတာ မေမေ"

www.burmeseclassic.com

www.burmeseclassic.com



"ကံတရားပေါ့ သမီးရယ်"

"အဲဒါကြောင့် ... "

"ဘာလဲ သမီးပြောလေ ... "

"သမီးရောက်ခဲ့တဲ့နေရာကို သမီးခန္ဓာနဲ့ရောက်တာမဟုတ်ဘူး"

"ဩော် ... "

ဒေါ်သီတာက ဘာမှမသိသလို နားမလည်တာကြောင့်မို့ သီသီ ပြောသမျှ လိုက်ခေါင်းညိတ်လို့နေသည်။

"ပန်းယမုံ ဒီနေ့မလာဘူးလား မေမေ"

"သက်ဖွန်ကို ဒီနေ့သင်္ဂြိုဟ်မှာဆိုတော့ သူလာနိုင်မယ်မထင်ဘူး"

"အင်းလေ ... ပန်းယမုံက သက်ဖွန်တို့အဘိုးရဲ့မွေးစားသမီးပဲ သက်ဖွန်နာရေး သူသွားသင့်တာပေါ့"

သီသီက စကားတပြောပြောနှင့် အခန်းတံခါးဝမှ သူ့ဖေဖေ ဦးစိုးထွေးပြန်အလာကို စောင့်ကြည့်နေသည်။ ဒေါ်သီတာကတော့ သူ့သမီး အခြေအနေကိုစောင့်ကြည့်လို့နေ၏။ သိပ်မကြာခင်မှာပဲ ဦးစိုးထွေးအခန်း ထဲသို့ပြန်ဝင်လာပြီး ...

"ဆရာဝန်ကြီးက သွားဖို့ခွင့်ပြုလိုက်တယ်၊ သမီးစိတ်ကို သမီး နိုင်အောင်ထိန်းဖို့လည်း မှာလိုက်တယ်"

"ရပါတယ် ဖေဖေ ... သမီး သူတို့ကိုနှုတ်ဆက်ခွင့်ရရင်ကျေနပ် ပါတယ်"

"ဖေဖေ သမီးကို တစ်ခုတော့ပြောချင်တယ်"

ဦးစိုးထွေးက သမီးဖြစ်သူကို အသေအချာကြည့်ပြီးပြော၏။ ဒေါ်သီ တလည်း ဖခင်ဖြစ်သူကိုကြည့်၍ ...

www.burmeseclassic.com

www.burmeseclassic.com



"ဘာများလဲ ဖေဖေ"

"လောကမှာ လူတွေဟာ သမရိုးကျစီးမျောကြတယ်၊ ရှင်သန်မယ်၊ သေဆုံးမယ်၊ ဒီအဖြစ်အပျက်တွေဟာ ဖြစ်မြဲမှုတာတွေပဲ၊ အဲဒါကို လွန်ဆန်ပြီး ကိုယ်ဖြစ်ချင်သလို ဖြစ်လို့မရဘူး"

"ဟုတ်ကဲ့ပါ"

ဖေဖေ ဘာကိုဆိုလိုမှန်း သိသိသာသာပေါက်သည်။

ဒါပေမဲ့ သူ့စိတ်ထဲရှိနေသည့် တိုက်ကြီးနှင့် ကြုံတွေ့ခဲ့ရသည့်အဖြစ်အပျက်တို့မှာ အိပ်မက်တစ်ခု မဟုတ်မှန်း သူ့ကိုယ်သူသိသည်လေ။

"သက်ဖွန်နဲ့ရတီကို ဘယ်မှာသဂြိုဟ်မှာလဲဟင်"

"ရေဝေးသုသာန်မှာ နေ့လယ်တစ်နာရီလို့ပြောတာပဲ"

"အခုမှ ဆယ်နာရီလောက်ပဲရှိသေးတယ် သမီး အားရှိအောင် တစ်ရေးအိပ်လိုက်ပါလား"

ဒေါ်သီတာက ဝင်ပြောရာ သက်ဖွန်ကခေါင်းညိတ်ပြလိုက်ပြီး ခုတင်ပေါ်တက်၍ လှဲအိပ်လိုက်၏။

ဦးစိုးထွေးနှင့်ဒေါ်သီတာကတော့ သမီးဖြစ်သူကို စိတ်မချနိုင်စွာနှင့်ဘေး၌ထိုင်၍ ကြည့်နေလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

သူ့မျက်လုံးထဲတွင် စိုင်းအောင်က မြင်းလှည်းကိုမောင်းကာ သူတာ ဘေးဘက်မှထိုင်ပြီး လိုက်လို့လာသည်။ ဘယ်နေရာထိမောင်းနေလဲ တော့မသိ။

အကွေ့အကောက်လမ်းကလေးတွေက ဆုံးကိုမဆုံးနိုင်။ လမ်းဘေး ဝဲယာတစ်ဘက်စီတွင်ပေါက်နေသော ထင်းရှူးပင်ပျိုတို့ကလည်း ထိုလမ်း ဘေးအလှကို ပံ့ဖော်လို့ထားသည်။

စိုင်းအောင်ရဲ့ ရိုးသားပြီး ယောကျ်ားပီသသည့် မျက်နှာကို တိတ် တခိုးချောင်းပြီးကြည့်လိုက်ရာ စိုင်းအောင်ပြန်ကြည့်တာနှင့် အကြည့်ချင်း ဆုံသွားသဖြင့် သီသီမျက်လွှာကိုချလိုက်သည်။

စိုင်းအောင်က ...

"ဘာကြည့်တာလဲ"

"မသိဘူး"

www.burmeseclassic.com

www.burmeseclassic.com



သိသိရှက်ရွံ့စွာပြန်ဖြေလိုက်၏။ လေတွေကလည်း တဟူးဟူးနှင့် တိုက်နေသလို နှင်းမှုန်ပါးပါးတို့ကလည်း ကျလို့နေသည်။ မြင်းလှည်းလေးကတော့ တစ်ရှိန်ထိုးသွားနေဆဲ ...

"ဘယ်အထိတောင် သွားနေမှာလဲဟင်"

"မဆုံးတဲ့ခရီးတစ်ခုထိပေါ့ ဘာလဲမလိုက်ချင်ဘူးလား"

" ... "

"ပြောလေ"

"လိုက်မယ်"

စိုင်းအောင်က ရုတ်တရက် သူ့ပခုံးကိုလှမ်းဖက်လိုက်တော့ ရင်ခုန်သံတွေက တဒိုင်းဒိုင်းမြည်လို့နေသည်။ ပြီးတော့ ...

"ကိုယ်လေ မင်းရဲ့ဖြူစင်တဲ့ မျက်နှာလေးရယ် မင်းရဲ့အပြုံးလေးတွေကို အရမ်းစွဲလမ်းနေပြီကွာ"

သူ့ရှက်ပြုံးလေး ခေါင်းကိုငုံ့ထားလိုက်သည်။ စိုင်းအောင်ကတော့ မြင်းခေါ်ဇက်ကြိုးကိုအသာထိန်းပြီး စကားကို အဆက်မပြတ်ပြောလို့နေသည်။

"ကိုယ်လေ _ မင်းကို အခုလိုရင်ခွင်ထဲထည့်ပြီး တစ်သက်လုံးနေသွားချင်တာ ... မင်းရောကိုယ်ရင်ခွင်မှာအမြဲနေမှာလား"

" ... "

"ကိုယ် မေးတာဖြေလေ"

သူ ရင်ခွင်ထဲကအသာရုန်းထွက်ပြီး စိုင်းအောင်မျက်နှာကိုကြည့်၍ ခေါင်းကိုညိတ်ပြလိုက်သည်။ စိုင်းအောင်က သူ့ကိုငုံ့ကြည့်ပြီး ချက်ချင်းခက်ထန်တဲ့အမူအရာပြောင်းသွားပြီး ကျယ်လောင်သောအသံဖြင့်-

"မင်းဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

"ငါမေးနေတယ်လေ ငါ့ရင်ခွင်ထဲ ဘယ်လိုရောက်လာတာလဲ"

"ဟို ... ဟို ကျွန်မ သီသီလေ သီသီသက်"

"မဟုတ်ဘူး သီသီသက်ပုံစံက ဒီပုံမဟုတ်ဘူး"

"ကျွန်မ သီသီသက် အစစ်ပါ"

"မဖြစ်နိုင်ဘူး ... ငါတို့အိမ်ကြီးကိုရောက်စတဲ့ သီသီသက်က ဒီပုံစံမဟုတ်ဘူး"

ပြောပြီး မြင်းဇက်ကြိုးကိုဆွဲလိုက်ရာ မကြာခင်မှာပဲ မြင်းလှည်းက ရပ်လို့သွားသည်။ စိုင်းအောင်က ...

"ဆင်း ... မင်းဆင်းတော့"

မြင်းလှည်းပေါ်မှ အတင်းတွန်းချလိုက်ရာ မြေပြင်ပေါ်သို့ ပြုတ်ကျလို့သွားတော့သည်။

ထို့နောက် မြင်းလှည်းကို ဒရကြမ်းမောင်းကာထွက်သွားလေတော့သည်။ သူလည်း လဲကျနေရာမှ အတင်းကြိုးထ၍ နောက်မှပြေးလိုက်သော်လည်း မမီတော့။

လူတစ်ကိုယ်လုံး မောပန်းလွန်းသဖြင့် အသက်ရှူသံတို့ပြင်းလို့လာသည်။ နောက်ဆုံးမှာ ...

ခြေထောက်တို့ နုံးခွေပျော့ကျလို့သွားပြီး မြေပြင်သို့မှောက်ကျလို့သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## နိဂုံး

"သမီး ... သမီး"

ဒေါ်သီတာ သူ့သမီးရဲ့အသက်ရှူသံပြင်းပြင်းပုံသဏ္ဍာန်ကြောင့် အတင်းလှုပ်နှိုးလိုက်သည်။

"သမီး"

"ဟင်"

သီသီနိုးလာပြီး မျက်လုံးကိုဖွင့်ကြည့်လိုက်ရာ သူ့ကိုစိုးရိမ်စိတ်တို့ဖြင့် ကြည့်နေသော ဖေဖေနှင့်မေမေကိုတွေ့ရသဖြင့် ...

"မေမေ ဘယ်နှစ်နာရီထိုးပြီလဲ"

"တစ်နာရီထိုးတော့မယ်သမီး"

"ဟာ ... ဒါဆိုသွားကြမယ်လေ သက်ဖွန်နဲ့ရတီကို နှုတ်ဆက်ဖို့ မမှီတော့ဘဲ နေဦးမယ်"

အတင်းအိပ်ရာကကြိုးထကာ သွားဖို့ပြင်လိုက်သည်။ ဦးဂိုးထွေးနှင့်ဒေါ်သီတာတို့လည်း မနေသာတော့သဖြင့် သီသီနှင့်အတူ အခန်းထဲမှ ထွက်လာခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ကားလေးကို ဦးစိုးထွေးက တရိပ်ရိပ်မောင်းလာရာ မကြာမီ ရေဝေးသုသာန်တို့ ရောက်လာကြသည်။

သင်္ဂြိုဟ်စက်ရှေ့ ကားရပ်ရန်နေရာတွင် ဦးစိုးထွေးက ကားကို ရပ်လိုက်တော့ သီသီကားပေါ်က ပြေးဆင်းသွားတော့သည်။

"ဟဲ့ ... သမီးနေဦး"

ဒေါ်သီတာနှင့်ဦးစိုးထွေးက နောက်မှအတင်းပြေးလိုက်လာခဲ့သည်။ သီသီ သင်္ဂြိုဟ်စက်ဘေးခန်းမတစ်ခုချင်းဆီသို့ လိုက်ကြည့်ရာ သက်ဖွန်နှင့်ရတီတို့ အလောင်းများကို တွေ့ရခြင်းမရှိပေ။ ထို့နောက် သင်္ဂြိုဟ်စက်ရှေ့၌ မတ်တတ်ရပ်နေရင်း အထဲမှထွက်လာသော သူတစ်ယောက်တွေ့၍ လှမ်းခေါ်လိုက်သည်။

"ပန်းယမုံ"

"ဟင် ... မမ"

သူခေါ်တာကို ပန်းယမုံကြားသွားပြီး ပြန်ထူးကာ သူ့ဆီသို့ လျှောက်လို့လာသည်။

"ရတီနဲ့သက်ဖွန်ရော"

"မီးသင်္ဂြိုဟ်လိုက်ပြီ"

"ဘာ ... မီးသင်္ဂြိုဟ်လိုက်ပြီဟုတ်လား"

သီသီရဲ့ပုံသဏ္ဍာန်ကိုကြည့်ပြီး ပန်းယမုံ အံ့အားသင့်လို့သွား၏။

"ဟုတ်တယ်လေ သူတို့သေသွားကြပြီပဲ သေသူရဲ့ခန္ဓာကို မီး သင်္ဂြိုဟ်ရမှာပဲလေ"

"ဟင့်အင်း မသင်္ဂြိုဟ်ရဘူး သက်ဖွန်ကို သင်္ဂြိုဟ်ချင်သင်္ဂြိုဟ် ရတီကို မသင်္ဂြိုဟ်ရဘူး"

"မမ"

ပန်းယမုံ အခြေအနေကို သဘောပေါက်လိုက်သည်။ ဦးစိုးထွေး

www.burmeseclassic.com

www.burmeseclassic.com



နှင့်ဒေါ်သီတာက သီသီဘေးနှစ်ဖက်မှ ဆုပ်ကိုင်ထားကြသည်။

"ရတ်ဲ့ခန္ဓာကိုယ်က ငါ့ခန္ဓာကိုယ် သူ့ကိုမသင်္ဂြိုဟ်ရဘူး"

"သမီး သတိထားလေ"

"မဟားနဲ့ ဒီကိုယ်က ငါ့ကိုယ်မဟုတ်ဘူး၊ ရတဲ့ခန္ဓာကိုယ်က ငါ့ကိုယ်အစစ်"

"ကို ... လုပ်ဦး"

"မမ"

ဦးစိုးထွေးနှင့်ဒေါ်သီတာအပြင် ပန်းယမုံကပါ သီသီကိုအတင်းဆွဲကာ ကားပေါ်သို့ခေါ်ခဲ့ရတော့သည်။

ကားပေါ်ရောက်တဲ့အထိ အတင်းရုန်းကန်နေရာ သင်္ဂြိုဟ်စက်ခေါင်းတိုင်က မီးခိုးငွေ့တွေကိုတွေ့လိုက်တော့ ရှိုက်ကြီးတငင်ငင် ငိုကြွေးလို့သာနေလေတော့သည်။

တကယ်ဆို "သူ" မပိုင်တဲ့ သူ့ခန္ဓာကိုယ်မှာ သူ့အချစ်တွေ သင်္ဂြိုဟ်ခံလိုက်ရတာ သူတစ်ယောက်ပဲသိတယ်လေ။ အားလုံးကတော့ သူ့ကို-

မွှေ

နေ

ပြီ

တဲ့လေ ...

Thit N ...
Kyawthu Win

ပြီးပါပြီ။

သစ်ငုတ်စိုးတဲ့ ဗိုးသုည



www.burmeseclassic.com

www.burmeseclassic.com

ပုရဆန်းကြယ် ချောက်ချားဖွယ်ဝတ္ထု

# သစ်ငုတ်စိုးတဲ့ ဗိုးသူညီ

# တမလွန်နှလုံးသားနှင့် ဝိညာဉ်ချစ်သူ

- ❖ ဝိညာဉ်မဲ့ ခန္ဓာကိုယ်၏ အေးချမ်းစွာ ပြုံးပြသည့် မသဂြိုဟ်မှီခဏ
- ❖ ချစ်သူ၏ ဝိညာဉ်ကို မစွန့်ပယ်နိုင်၍ အခန်းတစ်ခုတွင် နေရာပေးထားသည့် အသည်းကွဲ မိန်းမပျို
- ❖ ချစ်သူ၏နှလုံးသားကို တခြားလူအားပေးလိုက်၍ ရင်ခုန်သံကို နားထောင်ချင်သူ
- ❖ ရေခဲတိုက်အနီးမှ သွားလိုသည့်လမ်းကို ညွှန်ပြသည့် တစ္ဆေကြီး
- ❖ တမလွန်ရောက်နေသော်လည်း ချစ်သူကို စိတ်မချ၍ လူလောကတွင် နေလိုသည့် တစ္ဆေချစ်သူ
- ❖ မိမိချစ်သူ၏ နှလုံးသားနှင့် သစ္စာမဲ့ချစ်တမ်းကစားသည့် သစ္စာမဲ့သူကို ဇာတ်သိမ်းပေးလိုက်သည့် သွေးစာနေသည့် အစိမ်းမလေး ...

ရဲရင့်အောင်စာပေ မှ ထွက်တော့မည်

www.burmeseclassic.com